# ကြေးမုံ

The Mirror

၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်၊ တနင်္လာနေ့၊ (13-10-2008) (၅၈၃၀)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# နိုင်ငံတော်အကြီးအကဲက အခြေခံပညာကဏ္ဍ၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ရေး ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးပြီး ထိထိရောက်ရောက် အသုံးပြုသင်ကြားရေး ဆရာအတတ်ပညာအရည်အသွေး မြှင့်တင်ပေးရေး လမ်းညွှန်ခဲ့သည်နှင့်အညီ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိ





နေပြည်တော် အောက်တိုဘာ ၁၂

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် ယနေ့နံနက်ဇနာရီတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း ခန်းမဆောင်၌ ကျင်းပသော ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ဦးမျိုးညွန့်နှင့် သူရဦးသောင်းလွင်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့**

## အမှာစကားပြောကြား

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ဒေသတွင်းစိုက်ပျိုးရေး အကျိုးပြုနေသည့် ဝါးကတုတ် ရေကူရေလှောင်တမံ

**သတင်းမှတ်စု- ငြိမ်းခင်ခင်**

**မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေအလုံအလောက်ရရှိရန် နိုင်ငံတော်က ဆည်တမံ၊ ရေထိန်းတံခါး၊ ရေလွှဲဆည်များကို တည်ဆောက်ပေးလျက်ရှိရာ ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာအနီးတွင် ယခုနှစ်ဦးပိုင်းက ဖွင့်လှစ်ပေးခဲ့သော ဝါးကတုတ်ရေကူရေလှောင်တမံသည် ၂၀၇ခုမြောက် ရေလှောင်တမံဖြစ်သည်။ ၎င်းရေလှောင်တမံကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။**

ဝါးကတုတ်ရေကူရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၈၆ ပေ၊ ပင်မတမံအလျားပေ ၆၄၀၀ နှင့် ကုန်းကျော်တမံ ၃၁၅၅ ပေရှိကာ ကန်ရေပြည့် ရေလှောင်ပမာဏသည် ဧကပေ ၃၂၆၀၀ ရှိသည်။ ရေထုတ်ပြွန်သည် သံကူကွန်ကရစ်အမျိုးအစားဖြစ်သည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့**

**ပဲခူးတိုင်း ပဲခူးမြို့နယ် တောင်ဆတ်အင်း ကျေးရွာအနီးရှိ ဝါးကတုတ် ရေကူရေလှောင်တမံ။**



ကြေးမုံ The Mirror
၁၃-၁၀-၂၀၀၈
(တနင်္လာနေ့)

## မိသားစုကျန်းမာမှု အစဉ်အလေးထား သဘာဝမှိုအဆိပ်အန္တရာယ် သတိပြုကာကွယ်

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိသုံးစွဲရေး လုပ်ငန်းများတွင် လူတိုင်းပါဝင်လှုပ်ရှား ဆောင်ရွက်ကြရမည့်အပြင် ကျန်းမာရေး သတိပေးနှိုးဆော်ချက်များကို မိသားစုဝင်တိုင်းက ဂရုပြု လိုက်နာကြရမည် ဖြစ်သည်။

နေ့စဉ်စားသုံးနေသော အစားအစာများ၊ သီးနှံများနှင့် စားဖိုဆောင်သုံးပစ္စည်းများတွင် မှိုတက်နေသည်ကို တွေ့မြင်ရပါက စားသုံးခြင်းမပြုဘဲ နေကြသည်။ သို့ရာတွင် သာမန်မျက်စိဖြင့် မမြင်နိုင်သည့် မှိုအမျိုးအစားများလည်း ရှိနေသေးရာ အဆိုပါ မှိုတက်နေသော အစားအစာနှင့် ကောက်ပဲသီးနှံများကို စားသုံးမိပါကလည်း ကျန်းမာရေးထိခိုက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အချိန်ကြာမြင့်စွာ သိုလှောင်ထားသည့် ငရုတ်သီးခြောက်၊ ကုလားပဲ၊ မြေပဲ၊ အစေ့ထုတ်ပြောင်း၊ နနွင်းတက်၊ ဝါစေ့၊ အခွံမာအစေ့စသည်တို့တွင်လည်း အဆိုပါမှိုများ ပေါက်ပွားနေတတ်သဖြင့် သတိပြုဆင်ခြင်စားသုံးကြရမည်ဖြစ်သည်။ အာဖလာတောက်စင် (Aflatoxin) ခေါ် သဘာဝမှိုအဆိပ်ဖြစ်စေသည့် မှိုအမျိုးအစား ပမာဏ အများအပြားကို စားသုံးမိပါက အသည်းကင်ဆာ ဖြစ်စေနိုင်သည်။

ထို့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များသေဆုံးခြင်း၊ အသည်းခြောက်ခြင်း၊ ကလေးငယ်များ မှိုအဆိပ်အတောက်နှင့် ထိတွေ့မှုများပါက ခန္ဓာကိုယ်ဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ပုံသဏ္ဍာန်မှန်ကန်မှု မရှိခြင်း စသော အကျိုးဆက်များလည်း ဖြစ်စေနိုင်သည်။

လေထုစိုထိုင်းမှုများသည့်ဒေသများရှိ သီးနှံများတွင် အစိုဓာတ်ပါဝင်မှုများသည်ကို တွေ့ရသည်။ ထို့ကြောင့် အစားအသောက်နှင့် သီးနှံများ မှိုပေါက်ပွားမှု မရှိစေရေး စနစ်တကျ ထုတ်လုပ်ထားသိုကြရမည်ဖြစ်သည်။ ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ၌ ဓာတုမြေသြဇာနှင့် ပိုးသတ်ဆေးများကို လိုအပ်သည့်အချိုးအဆထက် ပိုမိုအသုံးပြုကြသဖြင့် ထွက်ရှိလာသည့် အသီးအနှံများအား စားသုံးသူများကိုပါ အန္တရာယ်ဖြစ်စေနိုင်သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့် ကုန်သွယ်ရောင်းဝယ် တင်ပို့ကြသူများအနေဖြင့် အချိန်အခါ ရာသီအလိုက် ခေတ်မီနည်းပညာများ အသုံးပြုစိုက်ပျိုးခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ ပုံမှန်ပေါင်းသင်ခြင်း၊ ကောက်ပဲသီးနှံများ စနစ်တကျ ရိတ်သိမ်းသိုလှောင်တင်ပို့ခြင်း၊ မှိုအဆိပ်ထုတ်လုပ်သော မှိုမျှင်များ မပေါက်ပွားရေး သတိပြုကာကွယ်လုပ်ဆောင်ကြခြင်းတို့ဖြင့် ကောက်ပဲသီးနှံများ အရည်အသွေးပိုမိုတိုးတက် ကောင်းမွန်လာမည့်အပြင် စားသုံးသူများလည်း သဘာဝမှိုအဆိပ်အန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။



## ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးရှောင်တခင်စစ်ဆေး

**မော်လမြိုင် အောက်တိုဘာ ၁၂**

မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ကြီးကြပ်မှုဖြင့် ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ ဒုတိယရဲမှူးမြင့်အေးခေါင်းဆောင်သောအဖွဲ့သည်**(အပေါ်ပုံ)** ပြည်နယ်ပို့ဆောင်ရေး စီမံကိန်းဌာန အဝေးပြေးတာဝန်ခံ ဦးဟိန်းလတ်နှင့် ပြည်နယ်မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်မှုကော်မတီ အဖွဲ့များနှင့်အတူ အောက်တိုဘာ ၅ရက်ညနေပိုင်းက မော်လမြိုင် (မြေနီကုန်း) အဝေးပြေးဂိတ်မှထွက်ခွာမည့် ရန်ကုန်၊ မော်လမြိုင် ခရီးသည်တင်ယာဉ် ၁၄စီးကို ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး အတွက် ယာဉ်ကြံ့ခိုင်မှု ရှိ၊မရှိ၊ သတ်မှတ်ယာဉ်မောင်းလိုင်စင်ဖြင့် မောင်းနှင်ခြင်းရှိ၊မရှိ၊ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်အညီ စနစ်တကျထိန်းသိမ်းမောင်းနှင်ခြင်း ရှိ၊ မရှိ ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၇)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အသင်းသားစုံညီအစည်းအဝေးနှင့် စားသောက်ကုန်ပြပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

**မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးနှင့် စားသောက်ကုန်ပြပွဲကို အောက်တိုဘာ ၁၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ပထမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးနှင့် စားသောက်ကုန်ပြပွဲတွင် ခင်းကျင်းပြသထားသော စားသောက်ကုန်ပြခန်းများကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

အစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများ အသင်းဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကြိုဆိုနှုတ်ခွန်းဆက်

ရှေးဦးစွာ အစည်းအဝေး သဘာပတိ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း နာယက ဦးဝင်းမြင့်က အမှာစကားပြောကြားသည်။

### ကြည့်ရှုအားပေး

ယင်းနောက် မြန်မာနိုင်ငံစိုက်ပျိုးရေး အခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအတွင်းရေးမှူး ဦးဝေဖြိုးက ၂၀၀၆-၂၀၀၈ ခုနှစ်အတွက် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဦးက အသင်း၏ ၂၀၀၉-၂၀၁၀နှင့် ၂၀၁၀-၂၀၁၁ခုနှစ်တို့အတွက် ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ ရွေးချယ်တာဝန်ပေးအပ်ခြင်းကို ဖတ်ကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့သည် အသင်းချုပ်ရုံးအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ စိုက်ပျိုးရေး အခြေခံ စားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၏စားသောက်ကုန်ပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

## ၁၉၆၈ ခုနှစ် ဘွဲ့ရ ရူပဗေဒကျောင်းသားကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် ဘွဲ့ရ နှစ်(၄၀)ပြည့် မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

၁၉၆၄-၁၉၆၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒကျောင်းသား၊ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲနှင့်ဘွဲ့ရ နှစ်(၄၀) ပြည့် မိတ်ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်(အင်္ဂါနေ့)တွင် IBC (အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန)၌ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသား၊ကျောင်းသူဟောင်းများသိရှိပါဝင်နိုင်ကြစေရန်နှင့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက် ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဒေါ်ခင်စစ်အေး ဖုန်း-၀၁-၆၅၁၀၄၂၊ ၀၉-၅၀၄၄၄၄၄၊ ဦးသိန်းလှိုင် ဖုန်း-၀၁-၂၂၅၉၆၃၊ ၀၁-၂၁၁၁၆၆၊ ဦးစိုးဝင်း ဖုန်း-၀၁-၂၂၅၈၇၄၊ ဦးဦးခင်မောင် ဖုန်း-၀၁-၅၂၆၃၈၁၊ ၀၉-၅၁၁၉၇၁၄၊ ဦးမျိုးလွင် ဖုန်း-၀၁ ၅၄၄၂၇၃၊ ဦးမြလွင် ဖုန်း-၀၁-၅၄၈၃၂၅၊၀၉-၅၁၂၄၉၉၄၊ ဦးကျော်ကျော် ဖုန်း-၀၁-၅၀၂၁၂၂၊ ၀၉-၈၀၃၀၉၈၇ တို့သို့ ဆက်သွယ်ပါဝင်နိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

**စမ်းချောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၂၇ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်း အထိငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မောင်သုခပြည့်စုံအား ကျောင်းအုပ် ဆရာကြီး ဦးသန်းစိုး ဆုချီးမြှင့်စဉ်။**

(၅၄၂)

## မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် သက်ကြီးပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က အသက် (၇၅) နှစ်နှင့်အထက်ရှိသော မြန်မာအလေးမ အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များနှင့် မြန်မာ့ဂုဏ်ဆောင် အလေးမ အားကစားသမားကြီးများအား ပူဇော်ကန်တော့ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီတွင် အောင်ဆန်းကွင်းအလေးမရုံ၌ကျင်းပမည်ဖြစ်ရာ ရပ်နီး၊ ရပ်ဝေးမှ အလေးမ လောကသားများအား တက်ရောက်ဂါရဝပြုနိုင်ကြောင်း သိရသည်။

(အလေးမအဖွဲ့ချုပ်)



# ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန်   အောက်တိုဘာ   ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၁၇တိုက်နှင့် သီလရှင်စာသင်တိုက် သုံးတိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူတော်ငွေများပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ မဟာအတုလသဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆွမ်းပဒေသာပင် အလှူတော်ငွေများ လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

# (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား၊ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် နေရာများကို ကြည့်ရှုစစ်ဆေး

နေပြည်တော်   အောက်တိုဘာ   ၁၂

**(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် ယနေ့နံနက်၁၀နာရီတွင် နေပြည်တော်ရှိ အမှတ်(၇)တည်းခိုရေးစခန်း အစည်းအဝေးခန်းမဆောင်၌ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ကြိုဆိုနှုတ်ဆက်ပွဲအခမ်းအနား၊ ဖွင့်ပွဲ၊ ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ပြိုင်ပွဲများကျင်းပရေးအတွက် လိုအပ်သည်များကိုမှာကြားသည်။**

ဆက်လက်၍ ဝန်ကြီးသည်တာဝန်ရှိသူများနှင့်အတူ (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ ကြိုဆို နှုတ်ဆက်ပွဲ၊ အခမ်းအနား၊ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကြိုတင်ပြင်ဆင်စီစဉ်ဆောင်ရွက်ထားမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးကြောင်း သတင်းရရှိသည်

(သတင်းစဉ်)

# ရွှေဘုန်းပွင့်စေတီတော် (၃၁)ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပမည်

**ရန်ကုန်   အောက်တိုဘာ   ၁၂**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၏ (၃၁)ကြိမ်မြောက် ပဝါရဏာပွဲကို အောက်တိုဘာ ၁၄ရက် မွန်းလွဲ၁နာရီတွင်ရွှေဘုန်းပွင့် စေတီတော်ဝင်းအတွင်းရှိ ဓမ္မာရုံ သစ်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ယင်း ပဝါရဏာပွဲသို့ လှူဒါန်းလိုသူများသည် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၉၀၄၂၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်( ၄ )ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

## ကြည့်ရှုစစ်ဆေး

**(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား၊ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပမည့် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကြိုတင်ပြင်ဆင် စီစဉ်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)



## ဒေသတွင်းစိုက်ပျိုးရေးမှ

ဝါး၂ကတုတ် ရေကူရေလှောင်တမံသည် နိုင်ငံတော်အနေဖြင့် တည်ဆောက်ပေးသည့် ၂၀၇ ခုမြောက် ရေလှောင်တမံဖြစ်ပြီး ပဲခူးတိုင်းအနေဖြင့် ၄၄ ခုမြောက် ဆည်တမံဖြစ်သည်။ ယင်းရေလှောင်တမံသည် ပဲခူးတိုင်းအတွင်း မိုးစပါးနှင့် နွေစပါးစိုက်ဧကများပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူပြုလျက်ရှိသည်။

အဆိုပါရေလှောင်တမံသည် သနပ်ပင်နှင့် သုံးခွဒေသများရှိ ကျေးရွာများ၏ လယ်မြေဧက ၁၂၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်သည့်အပြင် မိုးယွန်းကြီးအင်းကိုလည်း ရေကူပေးသည့်အတွက် မိုးယွန်းကြီးအင်း၏ ရေသောက်ဧရိယာ ဧက ၄၃၀၀၀ ကျော်ကိုလည်း အကျိုးပြုလျက်ရှိသည်။

နိုင်ငံတော်အစိုးရက ဤရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးသာမက ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် အမြဲတမ်းစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပေးလျက်ရှိသည်။

ပဲခူးတိုင်းသည် စိုက်ပျိုးရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နေသော ဒေသဖြစ်သည်။ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ဆည်တမံများ၊ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များ တိုးချဲ့တည်ဆောက် ဖွင့်လှစ်ပေးမှုများကြောင့် ဒေသအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်သည်။ ယခင်က မိုးရေကိုသာမျှော်ကိုးစိုက်ပျိုးခဲ့ရသော တောင်သူများသည် ယနေ့ကာလတွင် ဆည်ရေဖြင့် သီးနှံစုံစိုက်ပျိုးနိုင်၍ အကျိုးဖြစ်ထွန်းနေကြပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတစ်ဝန်းလုံး၌ လယ်ယာစိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး အကျိုးပြုဆည်တမံများစွာကို နှစ်စဉ်တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် တောင်သူလယ်သမားများက ဆည်တမံများမှ ရရှိလာသည့်ရေကို အကျိုးရှိရှိ အသုံးပြုနိုင်ပြီဖြစ်သည်။ မိုးစပါး၊ နွေစပါးနှင့် သီထပ်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်သဖြင့် ဒေသခံပြည်သူများ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ပါသည်။

ဝါးကတုတ် ရေကူရေလှောင်တမံမှ ဆည်ရေသည် ရေထုတ်ပြွန်မှတစ်ဆင့် ဝါးကတုတ်ချောင်းအတိုင်းစီးဆင်းကာ မိုးယွန်းကြီးအင်းသို့ စီးဝင်သည်။ မိုးယွန်းကြီးအင်းကို ရေကူဖြည့်ပေးသည့် ဆည်ရေသည် ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုနေပြီဖြစ်သည်။

ထို့အပြင် အင်းတွင်းမှဆည်ရေကို ပဲခူး-စစ်တောင်း တူးမြောင်းအတိုင်း လွှဲယူပြီး ပုဂံ-ညောင်ပင်ရေလွှဲပေါက်မှတစ်ဆင့် သနပ်ပင်-သုံးခွ ကားလမ်းနံဘေးတစ်လျှောက် တူးမြောင်းဖြင့် ရေသွယ်ယူသည်။ တူးမြောင်းဘေးရှိ နယ်မြေဒေသများ စိုက်ပျိုးရေရရှိသည်။

ပဲခူးမြို့နယ် တောင်ဆတ်အင်းကျေးရွာမှ တောင်သူဦးကြီးဦးလှမြင့်က “ဝါးကတုတ်ရေကူရေလှောင်တမံမှ စိုက်ပျိုးရေကို ရရှိပါတယ်။ ဒါကြောင့် ကျွန်တော့်လယ်မှ မိုးစပါး၊ နွေစပါးသာမက သီးထပ်သီးညှပ်ပါမကျန် စိုက်ပျိုးနိုင်ပါတယ်။ တခြားရွာတွေဆိုရင် မိုးယွန်းကြီးက စိုက်ပျိုးရေ အလုံအလောက်ရလို့ ကျွန်တော့်လိုပဲ အောင်မြင်ဖြစ်ထွန်းနေပါတယ်” ဟု ရှင်းပြသည်။

ပဲခူးမြို့နယ်တွင် ဝါးကတုတ်ရေကူရေလှောင်တမံ အကျိုးကျေးဇူးကြောင့် ဒေသခံတောင်သူများ အကျိုးစီးပွားဖြစ်ထွန်းကြသည်။ ပဲခူးတိုင်းအတွက် မိုးစပါးဧကသိန်း၃၀နှင့် နွေစပါးဧက သုံးသိန်းပြည့်မီအောင်စိုက်ပျိုးရေးအတွက် အထောက်အကူဖြစ်ကာ နိုင်ငံတော်၏ လျာထားသတ်မှတ်စပါးအတွက် ပြည့်မီကျော်လွန် ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပါသည်။

# သာကေတ အထက(၃) အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၁၂**

သာကေတမြို့နယ် အထက(၃) ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီးများကို နှစ်စဉ်အာစရိယပူဇော်ပွဲကျင်းပခဲ့ရာ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလတွင် ၁၀နှစ်ပြည့် အာစရိယပူဇော်ပွဲကို စာစီစာကုံးပြိုင်ပွဲ၊ ပညာရည်ထူးချွန်ဆုပေးပွဲ၊ ကာရာအိုကေသီဆိုမှု ပြိုင်ပွဲနှင့် ကံစမ်းမဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများအတွက် ငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်ခင်အေးကြူ ဖုန်း-၅၅၈၁၄၅၊ ဦးတင်မြင့် ဖုန်း-၀၉-၅၁၂၇၉၈၄၊ ဒေါ်ဌေးဌေးရှိန် ဖုန်း-၇၀၁၀၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။

(ကြေးမုံ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၀၈ (တနင်္လာနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | “သီတင်းကျွတ်တိုင်း” တရားတော် (အောင်စကြာဆရာတော်အရှင်စန္ဒသိရီ ) |
| ၈း၀၅ - ၂း၀၅ | အံ့ဖွယ်ထင်ရှားကျိုက္ကမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည် |
| ၈း၂၅ - ၂း၂၅ | Internet Directory (Virus Internet Cafe) |
| ၈း၃၅ - ၂း၃၅ | “စိတ်” မှစတဲ့သုံးထပ်ကွမ်းအကယ်ဒမီဆုရှင် “ဝါဝါဝင်းရွှေ” |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ - ၃း၃၀ | ရတနာကိုးသွယ်စီကာသခြယ် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ -၄း၀၀ | MRTV-4 ကျန်းမာရေးကဏ္ဍ (မိခင်လောင်းတို့ သိကောင်းစရာအဖြာဖြာ) (ဒေါက်တာဦးစိုးလွင်နှင့်တွေ့ဆုံခြင်း) (အပိုင်း-၂) |
| ၁၀း၄၅ - ၄း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၀ - ၄း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ - ၄း၅၅ | မိုးကုတ်ဝိပဿနာရွှေကျွန်းကုန်း ရာသက်ပန်တရားစခန်း ပဓာနနာယကဆရာတော် ပညိန္ဒာဓိဝံသနှင့်တွေ့ဆုံခြင်း |
| ၁၁း၁၀ - ၅း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၀ - ၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ - ၅း၂၅ | ရွှေးချယ်အစုံစုံရင်သွေးရိပ်မြုံ (NEW CAMPUS PRE SCHOOL) |
| ၁၁း၄၀ - ၅း၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၅ - ၅း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ - ၅း၅၀ | ရှေးမူလက်ရာလေ့လာစရာဖိုလ်ဝင်နှင့်ရွှေဘတောင်တော်မှာ |
| ၁၂း၀၀ - ၆း၀၀ | ကျန်းမာစေသောရေ (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွဋ် ) |
| ၁၂း၃၀ - ၆း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ - ၆း၃၅ | နှပျိုလန်းဆန်း Organic Green Tea အစွမ်း |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## အီရတ်နောက်ဆုံးရသတင်းများ



ဘဂ္ဂဒက်မြို့ စိတ္တဇဆေးရုံရှိ လူနာများကို တွေ့ရစဉ်။ (အင်တာနက်)

### ဘဂ္ဂဒက်တွင် စိတ်ဝေဒနာသည် အရေအတွက်များပြားလာ ကန်က ကူညီမည်ဆိုသော်လည်း ပစ်ပယ်ထား

**ဘဂ္ဂဒက် အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် နေထိုင်လျက်ရှိသော စိတ်ဝေဒနာသည် အရေအတွက်မှာ များပြားလာလျက်ရှိသည်။ ထိုဝေဒနာသည်များကို အကူအညီပေးပါမည်ဟု အမေရိကန်တို့က အကြိမ်ကြိမ် ကတိပေးခဲ့သော်လည်း အမှန်စင်စစ်တွင် ၎င်းတို့မှာ အပစ်ပယ်ခံနေရကြောင်း သတင်းများက ဖော်ပြသည်။

အမေရိကန်များက စိတ်ရောဂါရှင်များအား အကူအညီပေးပါမည်ဟုသာ ကတိခံထားသော်လည်း လက်တွေ့တွင် လက်နက်ကိုင်ဆန့်ကျင်ရေးသမားများကို ရှာဖွေတိုက်ခိုက်နေသည့် အလုပ်ဖြင့်သာ အချိန်ကုန်နေကြသည်ဟု အီရတ်ရှိ စိတ်ရောဂါကုဆေးရုံ အယ်လ်ရာရှဒ်မှ ဆရာဝန်ဆာဆန်ရာဂတ်က ပြောကြားသည်။

၎င်းတို့သည် မကူညီသည့်အပြင် စိတ်ရောဂါကုဆေးရုံတွင် ဖုံးဖောက်ခွဲရေးသမား စိတ်ဝေဒနာရှင်များကို လက်ခံထားသည်ဟူသော စွပ်စွဲချက်ဖြင့် ထိုဆေးရုံမှညွှန်ကြားရေးမှူးကိုပင် နှစ်လကြာ ဖမ်းဆီးထားခဲ့သေးသည်။ နောက်ပိုင်းတွင် စွပ်စွဲချက်များယွင်းကြောင်းသိရမှသာ ထိုအရာရှိကို ပြန်လွှတ်ပေးသည်ဟု ဆရာဝန်ရာဂတ်က ပြောကြားသည်။

အယ်လ်ရာရှဒ်စိတ်ရောဂါကုဆေးရုံမှာ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် လွင်ပြင်ဒေသ ကျူးကျော်ရပ်ကွက်နှစ်ခုအနီးတွင် တည်ရှိသည်။ **အင်တာနက်။**

### အီရတ်မြောက်ပိုင်းတွင် ပစ်ခတ်မှုဖြစ်ပွား လေးဦး သေဆုံး

**မိုလ်ဆူး အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ နင်နီးဗားပြည်နယ် မိုလ်ဆူးမြို့တွင် အောက်တိုဘာ ၁၁ရက်က ပစ်ခတ်မှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှလာသော သတင်း၌ ဖော်ပြသည်။

မိုလ်ဆူးမြို့လယ်ကောင် ဈေးအနီးတွင် ရဲတပ်ဖွဲ့ဝင် နှစ်ဦးအား မည်သူမည်ဝါမှန်းမသိသူ သေနတ်သမားများက ပစ်ခတ်ရာ အရပ်သားတစ်ဦးနှင့် ရဲတပ်သားတစ်ဦး သေဆုံးသွားပြီး အခြားနှစ်ဦးဒဏ်ရာရရှိသွားသည်ဟု အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။

အခင်းဖြစ်ပွားရာနေရာတွင် ရောက်နေသူရဲသားတစ်ဦးက သေနတ်သမားများကို ပြန်လည်ပစ်ခတ်ရာ သေနတ်သမားတစ်ဦးသေဆုံးသွားပြီး ၎င်းရဲတပ်ဖွဲ့ဝင်မှာလည်း ဒဏ်ရာရရှိသွားသည်ဟု ရဲသတင်းရပ်ကွက်က ဖော်ပြသည်။ **အင်တာနက်။**

### မိုလ်ဆူးတွင် လမ်းဘေးဗုံးကွဲ၊ နှစ်ဦးသေဆုံး

**မိုလ်ဆူး အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံ နင်နီးဗားပြည်နယ် မြို့တော်မိုလ်ဆူးတွင် သောကြာနေ့က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲရာ အရပ်သားနှစ်ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

ဘက်အဲလ်တော့ရပ်ကွက်ရှိ လူစည်ကားသော ဈေးတစ်ဈေးတွင် ညနေပိုင်း၌ လမ်းဘေးဗုံးတစ်လုံးကို အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲရာ အရပ်သားနှစ်ဦးသေဆုံးပြီး ၁၄ ဦးဒဏ်ရာရရှိသည်ဟု အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

ပေါက်ကွဲမှုမှာ ပြင်းထန်လွန်းသဖြင့် အနီးအနားရှိ ဈေးဆိုင်များနှင့် အရပ်ဘက်ကားများ ပျက်စီးစေကြောင်း ၎င်းသတင်းပေးက ဆက်လက်ပြောကြားသည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့များသည် ဗုံးကွဲသော နေရာကို ပိတ်ဆို့လိုက်ပြီး အပျက်အစီးများ ဖယ်ရှား၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ နင်နီးဗားပြည်နယ်သည် ဘဂ္ဂဒက်မြို့၏မြောက်ဘက် ကီလိုမီတာ၄၀၀ခန့်အကွာတွင်ရှိ၍ အယ်လ်ခိုင်ဒါတိုက်ခိုက်ရေးသမားများ၏ နောက်ဆုံးခြေကုပ်စခန်းများအနက်မှ တစ်ခုအပါအဝင်ဖြစ်သည်ဟုဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

## အာဖဂန်မြို့တော်တွင် နေတိုးတပ်ဖွဲ့များ မှားယွင်းပစ်ခတ် အရပ်သား သုံးဦး ဒဏ်ရာရရှိ

**ကဘူး အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးတွင် အောက်တိုဘာ ၁၀ ရက်က မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) ဦးဆောင်သော နိုင်ငံတကာတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)၏ မှားယွင်းပစ်ခတ်မှုကြောင့် အရပ်သား သုံးဦး ဒဏ်ရာရရှိကြောင်း စစ်ဘက်သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

အိုင်အက်စ်အေအက်ဖ် တပ်ဖွဲ့လှည့်ကင်းသည် ကင်းလှည့်ရာမှ အပြန်တွင် ယာဉ်တစ်စီးပေါ်မှ စက်သေနတ် မတော်တဆ ကျည်ထွက်သွားသဖြင့် အရပ်သားသုံးဦး ဒဏ်ရာရရှိသွားကြောင်း ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

ဒဏ်ရာရရှိသူများကို ရဲတပ်ဖွဲ့ဝင်များက ဆေးရုံသို့ ပို့ပေးခဲ့ကြောင်း သိရသည်။ အာဖဂန်သို့ ရောက်နေသည်မှာ သက်တမ်း ခုနစ်နှစ်ရှိပြီဖြစ်သော အိုင်အက်စ်အေအက်ဖ်နှင့် အမေရိကန် တပ်ဖွဲ့များကြောင့် ထိုနိုင်ငံတွင် မကြာခဏ မှားယွင်းပစ်ခတ်မှုများ ဖြစ်ပေါ်ရသည်။ ထိုမှားယွင်းမှုများကြောင့် အရပ်သူ၊ အရပ်သားများ၏ အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရပြီး ဖြစ်သည်ဟုဆိုသည်။

အာဖဂန်တွင် တပ်စွဲထားသော နိုင်ငံခြားတပ်ဖွဲ့ဝင် အင်အားမှာ ၇၀၀၀၀ ကျော်သာ ရှိသော်လည်း ထိုတပ်ဖွဲ့များ လက်ချက်ကြောင့် သေဆုံးရသော အရပ်သူ၊ အရပ်သားများ၏ အရေအတွက်မှာ ယခုနှစ် တစ်နှစ်တည်းမှာပင် ၁၅၀၀ နီးပါးမျှ ရှိနေပြီဖြစ်ကြောင်းသိရသည်။ **အင်တာနက်။**



အပြစ်မဲ့ ပြည်သူများအား အမေရိကန်တို့၏ မှားယွင်းပစ်ခတ်မှုကို အီရတ်ပြည်သူများ ဘဂ္ဂဒက်၌ ဆန့်ကျင်ကန့်ကွက်နေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

### ပါကစ္စတန်တွင် မျိုးနွယ်စုအစည်းအဝေး ကျင်းပစဉ် ဗုံးကွဲ၊ ၁၆ ဦးသေဆုံး

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၁**

ပါကစ္စတန်နိုင်ငံ မျိုးနွယ်စုတို့၏ ဒေသတွင် သောကြာနေ့က မျိုးနွယ်စုအစည်းအဝေး ကျင်းပနေစဉ် ပေါက်ကွဲမှုဖြစ်ခြင်းကြောင့် အနည်းဆုံး ၁၆ ဦး သေဆုံးကြောင်း နိုင်ငံပိုင် ပီတီဗွီ ရုပ်မြင်သံကြားမှ ကြေညာသည်။

**ကြေညာ**

အာဖဂန်နစ္စတန် နယ်စပ်အနီး အိုရက်ဇိုင်းအေဂျင်စီတွင် မျိုးနွယ်စုပုဂ္ဂိုလ်များကို အသေခံဗုံးခွဲ တိုက်ခိုက်ချိန်က အလီခဲလ်မျိုးနွယ်စုတို့၏ ဂျာဂါဟုခေါ်သော မျိုးနွယ်စုအစည်းအဝေး ကျင်းပနေခိုက် ဖြစ်သည်ဟု ပီတီဗွီက ကြေညာသည်။

ဗုံးကွဲမှုကြောင့် ၁၆ ဦးသေဆုံးပြီး ၄၀ ဒဏ်ရာရရှိသည်ဟု ဆိုသည်။

မျိုးနွယ်စုတို့၏ ဒေသမှ ပြည်တွင်းစစ်သွေးကြွများကို နှင်ထုတ်ရန် မဟာဗျူဟာတစ်ရပ်ရေးဆွဲရေးအတွက် ဂျာဂါအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

ဗုံးပေါက်ကွဲသောအချိန်က မျိုးနွယ်စုဝင် ၆၀၀ခန့်သည် လဟာပြင်၌ ကျင်းပသော အစည်းအဝေးကို တက်ရောက်လျက်ရှိသည်ဟု မျက်မြင်တွေ့ရှိသူများက ဆိုသည်။

ယခုအချိန်အထိ ထိုတိုက်ခိုက်မှုသည်မည်သူ့လက်ချက်ဖြစ်ကြောင်း ကြေညာခြင်း မရှိသေးပေ။ **အမ်အင်အေ၊ဆင်ဟွာ။**

### တူရကီစစ်ဘက်က အီရတ်မြောက်ပိုင်းတွင် ကာ့ဒ်သူပုန်များကို တိုက်ခိုက်

**အင်ကာရာ အောက်တိုဘာ ၁၂**

အီရတ်နိုင်ငံမြောက်ပိုင်း ကာ့ဒ်သူပုန်စခန်းများကို တူရကီစစ်ဘက်မှ လေယာဉ်များနှင့် အမြောက်တပ်ဖွဲ့များက ပစ်ခတ်ချေမှုန်းခဲ့ကြောင်း တူရကီစစ်ဘက်က ပြောကြားသည်။

တူရကီစစ်ဘက်အနေဖြင့် အဆိုပါထိုးနှက်မှုများကို သောကြာနေ့ညသန်းခေါင်အချိန်တွင် စတင်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သော သီတင်းပတ်က ကာ့ဒ်သူပုန်များသည် တူရကီနယ်စပ်ရှိ တူရကီစစ်စခန်းငယ်များကို တိုက်ခိုက်ရာ တူရကီတပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးသွားရသည်။ ထိုတိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် တူရကီတပ်ဖွဲ့များက အီရတ်မြောက်ပိုင်းရှိ သူပုန်စခန်းများကို ထိုးစစ်ဆင်ခြင်းဖြစ်သည်။ **အင်တာနက်။**

အီရတ်တွင်ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ကလေးငယ်များ ဤကဲ့သို့ ထိခိုက်သေကျေကြရရှာသည်။ *(ဓာတ်ပုံ-အင်တာနက်)*



## ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

### အာဖဂန်ရှိ ဗြိတိန်တပ်ဖွဲ့ဝင်များ အဆုံးမရှိသော စစ်ပွဲကိုဆင်နွှဲနေရဟုဆို

**လန်ဒန် အောက်တိုဘာ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံတွင် ရောက်နေသော အပြည်ပြည်ဆိုင်ရာ တပ်ဖွဲ့များအနေဖြင့် ဆုံးလမ်းမမြင်ရသော တိုက်ပွဲများကို ဆင်နွှဲနေရသကဲ့သို့ ဖြစ်နေသည်ဟု ဗြိတိသျှတပ်ဖွဲ့များ၏ အကြီးအကဲက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။ စစ်ကြောင့် ညက်ညက်ကြေနေကာ အာဖဂန်တွင် တိုက်ခိုက်နေရသော တိုက်ပွဲသည် ပြတ်ပြတ်သားသား အနိုင်ရနိုင်မည့်တိုက်ပွဲမျိုးအဖြစ် မျှော်လင့်ထား၍ မရကြောင်း အာဖဂန်ရောက် ဗြိတိသျှတပ်ဖွဲ့များ၏ ဦးစီးမှူး ဗိုလ်မှူးချုပ် မက်ကာလင်တန်စမစ်က ပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံစလုံးတွင် ဗြိတိသျှတပ်ဖွဲ့များ ရင်ဆိုင်နေရသော စစ်ပွဲသည် ဆုံးလမ်း မမြင်ရသော စစ်ပွဲများဖြစ်သည်ဟု ဗြိတိသျှတပ်များ၏ အကြီးအကဲ ဆာဂျော့စတားရပ်က သည်တိုင်းစာစောင်သို့ ပြောကြားသည်။

အာဖဂန်တွင် တာလီဘန်များကို တိုက်ခိုက်နေသော ဗြိတိသျှတပ်ဖွဲ့ဝင် အင်အားသည် ၇၈၀၀ ရှိသည်။ အီရတ်နိုင်ငံ၌ ရှိနေသော ဗြိတိသျှတပ်ဖွဲ့ဝင်အင်အား ၄၁၀၀ တို့မှာလည်း တစ်နှစ်အတွင်း ရုပ်သိမ်းတော့မည်ဖြစ်သည်။ **အင်တာနက်။**

# ဘုရှ်၏ စီးပွားရေးမူဝါဒများအား ကာတာပြစ်တင်ဝေဖန်

**ဘရပ်ဆဲလ် အောက်တိုဘာ ၁၂**

အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဂျင်မီကာတာက ၁၉၃၀ပြည့်နှစ် ကမ္ဘာ့စီးပွားရေးကပ်ဆိုးကြီး ကျရောက်ပြီးကတည်းက အဆိုးရွားဆုံးသော ကမ္ဘာ့ဘဏ္ဍာရေးပြဿနာ ပေါ်ပေါက်ရခြင်းသည် ဘုရှ်အစိုးရ၏ ညံ့ဖျင်းသောစီးပွားရေးမူဝါဒများကြောင့်ဖြစ်သည်ဟု သောကြာနေ့က ပြောကြားလိုက်သည်။

၂၀၀၁ ခုနှစ် ဇန်နဝါရီ ဒ‌ဇင်ဘာ ဘုရှ်သမ္မတဖြစ်လာပြီးကတည်းက ငွေအမြောက်အမြားချေးယူပြီး အခွန်ငွေများ ဖြတ်တောက်ခြင်းကြောင့် ဈေးကွက်မတည်မငြိမ်ဖြစ်၍ စီးပွားရေးပြဿနာများ ပေါ်ပေါက်ရသည်ဟု ပြောကြားလိုက်ပြီး ဘုရှ်ကိုလည်း အဖြုန်းကြီးသူဟု ဘရပ်ဆဲလ်မြို့တွင် ခရီးတစ်ထောက် ရပ်နားစဉ် ကာတာကသတင်းထောက်များအားပြောကြားလိုက်သည်။

လာမည့်လတွင် အမေရိကန်သမ္မတအဖြစ် အရွေးခံရသူသည် စီးပွားရေးပြဿနာကို အမွေဆက်ခံရမည် ဖြစ်သည်။ ထို့အပြင် ၎င်းတို့ အဆိုပြုထားသော ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများကိုလည်း ရွှေ့ဆိုင်းကြရမည် ဖြစ်သည်ဟု ကာတာက ပြောကြားသည်။ စီးပွားရေးတွင်ပြဿနာက အမြစ်တွယ်နေပြီဖြစ်သည်။ မှန်ကန်သောစီးပွားရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိရန် နှစ်အတန်ကြာ အချိန်ယူရမည်ဟု ကာတာကပြောကြားသည်။ ဆက်လက်၍ ဒီမိုကရက်တစ် သမ္မတလောင်း ဘာရက်အိုဘားမားသည် သမ္မတအဖြစ် အရွေးခံရပြီး ကမ္ဘာပေါ်တွင် အမေရိကန်နိုင်ငံ၏ ပုံရိပ်သည် ချက်ချင်းတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ထပ်မံပြောဆိုသည်။

လွန်ခဲ့သော ရှစ်နှစ်တာက အမေရိကန် ပြည်ထောင်စုသည် ဘတ်ဂျက်ပိုငွေရှိသည်။ ငွေကြေးဖောင်းပွမှုနှုန်း နည်းပါးသည်။ တည်ငြိမ်၍ ခိုင်မာသောစီးပွားရေးရှိသည်ဟု ကာတာက ပြောကြားသည်။ ယခုအခါ အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံအား အကြွေး ဒေါ်လာ တစ်ထရီလီယံနီးပါး တင်နေကြောင်း သိရသောအခါ အလွန်အံ့သြရကြောင်း ကာတာက ဆက်လက် ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ကမ္ဘောဒီးယားနိုင်ငံ ပရီဖန်ပြည်နယ်တွင် လင်မယားကွဲသဖြင့် နေအိမ်ကိုလွှဖြင့်ထက်ခြမ်းခွဲ၍ ယူသွားပြီးနောက် ကျန်ရစ်သော အိမ်ကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘောဒီးယားတွင်လင်မယားကွာရှင်းရာ၌

## နေအိမ်ကိုလွှဖြင့် တိုက်ဖြတ်၍ တစ်ဝက်စီခွဲယူသည့်ဖြစ်ရပ်ပေါ်ပေါက်

**ဖနွမ်းပင် အောက်တိုဘာ ၁၂**

ကမ္ဘောဒီးယားနိုင်ငံ၏ ကျေးလက်ဒေသမှ ဇနီးမောင်နှံ နှစ်ဦးတို့သည် ၁၈နှစ်ကြာ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ ကွာရှင်းပြတ်စဲကြရာတွင် နေအိမ်ကိုပါတစ်ဝက်ခွဲ၍ ပိုင်းယူသည့် ဖြစ်ရပ်တစ်ခု အောက်တိုဘာ ၁၀ ရက်က ဖြစ်ပွားခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

အသက် ၄၂ နှစ်အရွယ်ရှိ မိုရမ်ဆာရမ်သည် နေအိမ်ကိုတစ်ဝက်ပိုင်းကာ ယူဆောင်သွားခဲ့သည်ဟု အသက် ၃၅ နှစ်အရွယ်ရှိ ၎င်း၏ဇနီးဖြစ်သူ မက်နေဗီက ပြောကြားသည်။

ယင်းဖြစ်စဉ်အပေါ် အလွန်ပင် ထူးဆန်းသည်ဟု ထင်မြင်မိကြောင်း၊ ခင်ပွန်းဖြစ်သူ၏ လုပ်ရပ်ကို နားမလည်နိုင်ကြောင်း သူမက ဖုန်းဖြင့် ဖြေကြားခဲ့သည်။ သူမတို့၏ အိမ်ထောင်ရေးသည် ပြီးခဲ့သည့်လအတွင်းကပင် တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်သည်ဟု ဆိုသည်။

အဆိုပါ နေအိမ် တစ်ခြမ်းအား လွှဖြင့်ဖြတ်ကာ သစ်တိုသစ်စအပျက်အစီးများကို ၎င်း၏ မိဘများအိမ်သို့ ယူဆောင်သွားခဲ့ကြောင်း၊ ကျန်နေအိမ်တစ်ခြမ်းမှာ မူလအတိုင်းပင် မပျက်စီးဘဲကျန်ရှိခဲ့ပြီး ယင်းအိမ်အား ကမ္ဘောဒီးယားရိုးရာ နေအိမ်ပုံစံအတိုင်းအုတ်ကြွပ်ပြားများဖြင့် မိုးထားကာ သစ်သားတိုင်များဖြင့် ဆောက်လုပ်ထားခြင်း ဖြစ်ကြောင်း သူမက ပြောကြားသည်။

သူမ၏ခင်ပွန်းဖြစ်သူက ရွာမှ ရဲဝန်ထမ်းတစ်ဦးနှင့် သူမအားစွပ်စွဲကာ ကွာရှင်းပြတ်စဲသည်အထိ ဖြစ်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါ ဖောက်ပြန်နေကြောင်း စွပ်စွဲချက်ကို သူမက ငြင်းဆိုထားသည်။

ဒေသခံတာဝန်ရှိသူများက ယင်းဇနီးမောင်နှံအား သုံးကြိမ်တိုင် ညှိနှိုင်းစေ့စပ်ပေးခဲ့သော်လည်း သူမ၏ ခင်ပွန်းက လက်ခံခဲ့ခြင်း မရှိကြောင်း သိရှိရသည်။ ***အင်တာနက်။***

# မသန့်ရှင်းသောနို့ကြောင့် လူငယ်တစ်ဦး ကျောက်ကပ်တွင် ကျောက်တည်

**ဟောင်ကောင် အောက်တိုဘာ ၁၂**

ဟောင်ကောင်တွင် ၁၀ နှစ်အရွယ်ရှိသော လူငယ်တစ်ဦးသည် မယ်လမင်းဓာတ်ပါသော နို့ထွက်ပစ္စည်းများကို သောက်သုံးခဲ့သောကြောင့် ကျောက်ကပ်တွင်ကျောက်တည်သောရောဂါ ခံစားရလျက်ရှိကြောင်း ကျန်းမာရေး အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

ဟောင်ကောင်တွင် နို့နှင့်ပတ်သက်ပြီး ကျောက်ကပ် ကျောက်တည်သောကလေးပေါင်းခြောက်ဦးအထိ တိုးလာပြီဖြစ်သည်။

ဟောင်ကောင် ကျန်းမာရေးဌာန၊ ကျန်းမာရေးနှင့် ကာကွယ်မှုဗဟိုဌာနမှ ထုတ်ပြန်သော ကြေညာချက်အရ အဆိုပါ လူငယ်လေးသည် ယော့မာတိုင်းအရပ်တွင် နေထိုင်ပြီး တစ်နေ့လျှင် "ယီလီ" တံဆိပ်ပါသော အဆီဓာတ်နည်းပါးပြီး ကယ်လ်ဆီယံများ ပြားသည့် နွားနို့သုံးထုပ်မှ လေးထုပ်အထိ (တစ်ထုပ်လျှင် မီလီလစ်တာ ၂၅၀) သောက်သုံးခဲ့သည်။ ထိုသို့ သောက်ခဲ့သည်မှာ ခြောက်နှစ်ကြာခဲ့ပြီ ဖြစ်သည်ဟု ဆိုသည်။

ထိုလူငယ်လေးသည် ဆီးသွားမှု မမှန်မကန်ဖြစ်လာသဖြင့် မိဘများက အောက်တိုဘာ ၆ ရက်က ကွန့်ဝါ ဆေးရုံသို့ သွားရောက်၍ ဆေးစစ်ရာ ကျောက်ကပ်တွင် ကျောက်နှစ်လုံးတည်နေကြောင်း တွေ့ရှိရခြင်းဖြစ်သည်ဟု ဆိုသည်။

ကျန်းမာရေး ဗဟိုဌာနက ၎င်းလူငယ်လေးကို ဆေးဝါးကုသပေးနေကြောင်း၊ ဆေးရုံသို့တက်ရောက်ကုသရန် မလိုကြောင်းပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ပြုလုပ်သည့် ရိုဘော့စက်ရုပ်ပြပွဲ၌ စားပွဲထိုးစက်ရုပ် တစ်ရုပ် အစွမ်းပြတည်ခင်းနေသည်ကို အောက်တိုဘာ ၁၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*




# ပါကစ္စတန်တွင် ဘတ်စ်ကားနှင့်နောက်တွဲယာဉ်တိုက် ၂၇ဦးသေ၊ ၅၄ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၂**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် သောကြာနေ့ကခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် နောက်တွဲယာဉ်တစ်စီးတို့ တိုက်မိကြရာ အနည်းဆုံးခရီးသည် ၂၇ဦး သေဆုံးပြီး ၅၄ ဦး ဒဏ်ရာရရှိသွားသည်။

ဘာဟာဝေါလ်ပါမြို့မှ ဖိုင်ဆာလာဘက်မြို့သို့ ထွက်ခွာလာသော ဘတ်စ်ကားတစ်စီးသည် မျက်နှာချင်းဆိုင်မှလာသည့် နောက်တွဲယာဉ်တစ်စီးနှင့် ပန်ဂျပ်ပြည်နယ် လော့ဒ်ရမ်မြို့အနီးတွင် ရင်ဆိုင်တိုက်မိကြောင်း အေပီပီသတင်းဌာနက ဖော်ပြသည်။

ရဲတပ်ဖွဲ့က ဘတ်စ်ကားမောင်းသူလည်း သေဆုံးသွားပြီဆိုခြင်းကို သံသယဝင်လျက်ရှိသည်။ ၎င်းသေဆုံးကြောင်း အတည်ပြုခဲ့လျှင် စုစုပေါင်းသေဆုံးသူ အရေအတွက်သည် ၂၈ ဦးအထိ ရှိလာမည်ဖြစ်သည်။

ဘတ်စ်ကား၏အရှိန် များခြင်းနှင့် ကားမောင်းသူ၏ ဂရုတစိုက်မောင်းနှင်ခြင်း မရှိမှုတို့ကြောင့် ယင်းကား တိုက်မှုဖြစ်ပွားရသည်ဟု ရဲတပ်ဖွဲ့မှရသော သတင်းများကို ကိုးကား၍ အေပီပီသတင်းဌာနက ဖော်ပြသည်။ ရဲတပ်ဖွဲ့က ဘတ်စ်ကားမောင်းသူသည် မည်သူမည်ဝါဖြစ်ကြောင်း သိရှိရန်နှင့်၎င်း နေထိုင်ရာ အရပ်ဒေသကိုသိရှိရန် စုံစမ်းလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန်တိုက်လေယာဉ် ပျက်ကျသော်လည်း လေယာဉ်မှူးထိခိုက်မှုမရှိ

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၁၂**

ပါကစ္စတန်နိုင်ငံ အရှေ့မြောက်ဘက်တွင် ပါကစ္စတန်လေတပ် (ပီအေအက်ဖ်)မှ တိုက်လေယာဉ်တစ်စင်း ပျက်ကျသွားကြောင်း၊ သို့သော်အသေအပျောက်မရှိကြောင်း ပီအေအက်ဖ်မှပြောကြားသည်။

အက်ဖ်-၇ တိုက်လေယာဉ်သည် လေ့ကျင့်ရေးဆင်းနေစဉ်တွင် ပန်ဂျပ်ပြည်နယ်အရှေ့ဘက်ရှိ ဆာဂိုဒါဒေသတွင် ပျက်ကျခြင်း ဖြစ်သည်ဟု ပါကစ္စတန်လေတပ်မှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ပျက်ကျသောလေယာဉ်အတွင်းမှ လေယာဉ်မှူးသည် ကံအားလျော်စွာ အန္တရာယ်ကင်းကင်းဖြင့် ထွက်လာနိုင်ခဲ့သည်။ ***အင်တာနက်။***

# တရုတ်တွင် သံ၊ သတ္တုရိုင်းနှင့် သံမဏိဈေးနှုန်းဆက်လက်ကျဆင်း

**ပေကျင်း အောက်တိုဘာ ၁၂**

တရုတ်နိုင်ငံတွင် သံ၊ သတ္တုရိုင်းနှင့် သံမဏိဈေးနှုန်းများ ဆက်လက်ကျဆင်းနေမှုကြောင့် မကြာမီကာလတွင် ထုတ်လုပ်မှုများလည်း နောက်ဆုတ်သွားသည်ဟု တရုတ်နိုင်ငံစာရင်းအင်းဌာနက အောက်တိုဘာ ၉ ရက်တွင် ပြောကြားသည်။ စက်တင်ဘာလကုန်က တရုတ်နိုင်ငံထွက်သံနှင့်သတ္တုဈေးနှုန်း တစ်တန်လျှင် ယွမ် ၁၂၀၀ (အမေရိကန်ဒေါ်လာ ၁၇၆) ဖြစ်ကြောင်း၊ ၁၂ ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း စာရင်းအင်းဌာနကဖော်ပြသည်။

လွန်ခဲ့သောလကလည်း သံမဏိဈေးနှုန်းသည် တစ်တန်လျှင်ပျမ်းမျှအားဖြင့် တစ်လချင်းကျဆင်းမှုမှာ ၅ ဒသမ ၉ ရာခိုင်နှုန်းအထိ ရှိသည်။ တန်ဖိုးအားဖြင့် ယွမ် ၅၇၆၀ (အမေရိကန်ဒေါ်လာ ၈၃၀)ထိ ရှိလာသည်။ ဈေးနှုန်းများကျဆင်းရခြင်းမှာ ထုတ်လုပ်မှုစရိတ်များနှင့် ဝယ်လိုအားများ ကျဆင်းမှုကြောင့်ဖြစ်ပြီး စီးပွားရေးမှာလည်း နှေးကွေးလာမှုကြောင့် ဖြစ်သည်။

သံမဏိစက်ရုံများတွင်လည်း ထုတ်လုပ်မှုများလျှော့ချခြင်းနှင့် ရပ်ဆိုင်းထားခြင်းကြောင့် သံရိုင်းလိုအပ်မှုသည် ပြည်တွင်းထွက် သံရိုင်းကုန်ကြမ်းပမာဏဖြင့် အချို့စက်ရုံများပင် အလုံအလောက်ရှိသည်။ သံမဏိလုပ်ငန်းများကို ဦးဆောင်ထုတ်လုပ်သူ အုပ်စုကြီးလေးခုမှာ ရှိုးဂန်းအုပ်စု၊ ဟီဘိုင်း သံနှင့်သံမဏိအုပ်စု၊ ရှန်ဒေါင်း သံနှင့်သံမဏိအုပ်စုနှင့် အင်ယန်းသံနှင့်သံမဏိအုပ်စုတို့ဖြစ်သည်။ ၎င်းတို့၏ပြည်တွင်းထုတ်လုပ်မှုတန်ဖိုးမှာလည်း ယခုလတွင် ရာခိုင်နှုန်း ၂၀ လျှော့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

**တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ်မှ လယ်သမားအချို့ သီးနှံများ ရိတ်သိမ်းနေသည်ကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



# ဝါလလွတ်ကင်း ကျွတ်သီတင်း ခြေခင်းလက်သာ ပြည်မြန်မာ

ပန်းတောင်းသန်းကြွယ်

**ကြာငါးမည်ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊**
**ရွှေနန်းတောင်တော်ဦးမှာ၊ ကွန့်မြူးမြင်းမိုရ်မီး ညီးတဲ့ခါချိန်။**
**ရှိခိုးငယ်နှိမ်၊ သုံးကြိမ်ရိုပျောင်း**
**သက္ကစ္စာဂါရဝါနှင့်၊ စဉ်အလာ ပူဇော်ပွဲကို နွှဲကြပေတောင်း။**

ဖိုးသူတော်ဦးမင်း

သီတင်းကျွတ်လသည် မြန်မာတို့၏ သတ္တမမြောက်လဖြစ်သည်။ မိုးရာသီကုန်လုနီးချိန်ဖြစ်သည်။ မိုးလည်းမပီ ဆောင်းမမည်သေးသောကာလဖြစ်သည်။ အနောက်တောင်မုတ်သုံလေ တစ်ပြည်လုံးမှ ဆုတ်ခွာစပြုချိန် ဖြစ်သည်။ အားနည်းသော မိုးကြွင်းမိုးကျန်များသာ ရွာသည်။ ခြေခင်းလက်ခင်းသာစပြုချိန်၊ ပွင့်လင်းရာသီအကြိုကာလဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုအရ သီတင်းကျွတ်လကို တုရာသီဟု ခေါ်သည်။ ထိုလတွင်လမင်းနှင့် ယှဉ်ပြိုင်ထွန်လင်းနေသော နက္ခတ်မှာ အဿဝဏီနက္ခတ်ဖြစ်သည်။ အနီးကပ်၍တောက်ပနေသည်မှာ ကြီးတာရာ ဖြစ်သည်။ နက္ခတ်တာရာဆိုသည်မှာ မိုးကောင်းကင်တွင် မြင်တွေ့ကြရသော ကြယ်များပင်ဖြစ်သည်။ ထိုလ၏ရာသီရုပ်မှာ ချိန်ခွင်ကိုင်စွဲထားသော ကုန်သည်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ကြာပန်းဖြစ်သည်။ ပွဲတော်ကို ဝါကျွတ်ပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ ဆီမီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲဟူ၍ အမျိုးမျိုး ခေါ်ဝေါ်ကြသည်။

မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် သုံးလူ့ထွတ်တင် ဘုရားရှင်သည် သန္တုတိသမယ်တော်မိနတ်သားအား အဘိဓမ္မာတရားတော်ကို ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်ရန် တာဝတိံသာ နတ်ပြည်သို့ ကြွချီတော်မူသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ သတ္တမဝါကပ်တော်မူ၍ မယ်တော်မိနတ်သားအမှူးပြုသော စကြာဝဠာတိုက်များစွာမှ လာရောက်ကြသော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသည်။

သုံးလူ့ထွတ်ထား မြတ်ဘုရား၏ တရားဓမ္မ အသံတော်သည် ပကတိသောစကား၊ အလွန်တင့်တယ်သော စကားဖြစ်သည်။ မဟာပညာမွန်ဉာဏ်ရည်ချွန်သည့် လူနတ်ဗြဟ္မာတို့ ကြံစည်အံ့သြ ပြောဟော၍ မကုန်နိုင်သော စကားတော်တို့နှင့် ပြည့်စုံတော်မူသည်။ ဝါစာအစိန္တေယျဂုဏ်နှင့် ပြည့်စုံသောဗုဒ္ဓ၏တရားတော်မြတ်သည် ကြီးမားသော အနှစ်သာရ ရှိလှသည်။

"ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" အစရှိသော အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့သော မြတ်ဗုဒ္ဓ၏ အသံတော်သည် "ဝိဿဋ္ဌမဉ္ဇုဝိညေယျံ"စသော အသံတော်အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသည်။ အထွေးအရှုပ် လွတ်ကင်းသောအသံတော် ဖြစ်သည်။ နားဝင်ချိုမြိန် နှစ်သိမ့်မဆုံး၊ သာယာ မဆုံးနိုင်သော အသံတော်ဖြစ်သည်။ မထင်မရှား မကွဲပြားသောအသံမျိုးမဟုတ်ဘဲ အလွန်သိသာထင်ရှားလှသော အသံတော်ဖြစ်သည်။ ကြားနာရသူ နတ်လူဗြဟ္မာတို့၏ အာရုံမှာ စွဲငြိစေပြီး ပီတိပြည့်လျှမ်းစေသော အသံတော်ဖြစ်သည်။ တရားနာသူ ပရိသတ်၏အပသို့ မထွက်ပါဘဲ တည်ရှိနေသော အသံတော်ဖြစ်သည်။ လျှပ်ပေါ်ငုပ်ပျောက်သော အသံမျိုးမဟုတ်ဘဲ မလှုပ်မလဲ အလွန်နက်နဲသော အသံတော်ဖြစ်သည်။ မပြိုမကွဲ တစ်ခဲနက် ပေါ်လွင်တည်တံ့နေသော အသံတော်ဖြစ်သည်။ ပွဲတင်သံကဲ့သို့ တစ်ပိုဒ်နှင့်တစ်ပိုဒ် အကြားမရှိ၊ ဆက်စပ်သော အသံတော်ဖြစ်သည်။

လူ့ပြည်မှ အချိန်ကာလ နှစ် ၁၀၀ သည် တာဝတိံသာ နတ်ပြည်မှ အချိန်ကာလတစ်ရက်နှင့် ညီမျှသည်။ မြတ်စွာဘုရားရှင်၏ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူသော ဝါတွင်းကာလ သုံးလဟူသည် နတ်ဗြဟ္မာများအတွက် အနည်းငယ်သော အချိန်မျှသာဖြစ်သည်။ လူသားစင်စစ်မှ ဘုရားဖြစ်လာသော မြတ်ဗုဒ္ဓအနေဖြင့်မူ လူ့ပြည်၏ သဘာဝအတိုင်း သုံးလမျှ ကြာမြင့်သည့်ကာလပင်ဖြစ်သည်။ ကိုယ်လက်သန့်စင်ခြင်း၊ ရေချိုးခြင်း၊ ဆွမ်းဘုဉ်းပေးခြင်း စသည်တို့ကို ပြုလုပ်ရသည်။ ဘုရားရှင်သည် မိမိနှင့်ထပ်တူထပ်မျှတူညီသော ကိုယ်ပွားနိမ္မိတ ရုပ်ပွားတော်ကို ဖန်ဆင်း၍ ဉာဏ်မျှအတိုင်းအတာရှိသော တရားတော်ကို ငါ၏ကိုယ်စား ဟောကြားရစ်စေသားဟု အဓိဋ္ဌာန်ပြုတော်မူသည်။

သုံးလူ့ထွတ်တင် မုနိရှင်သည် အနောတတ်ရေအိုင်သို့ ဆင်းသက်၍ ကိုယ်လက်သန့်စင်ခြင်း၊ ရေချိုးခြင်းပြုသည်။ မြောက်ကျွန်းသို့ ဆွမ်းခံထွက်၍ အနောတတ်ရေအိုင် ဆိပ်ကမ်းသာတွင် ဆွမ်းဘုဉ်းပေးတော်မူသည်။ ထိုမှ စန္ဒကူးနံ့သာတောသို့ ကြွရောက်တော်မူ၍ ဟောကြားတော်မူပြီးသော အဘိဓမ္မာတရားတော်များကို အကျဉ်းချုပ်၍ ရှင်သာရိပုတ္တရာအား ဟောတော်မူသည်။ ထိုတရားတော်များကိုပင် ရှင်သာရိပုတ္တရာမထေရ်မြတ်က မိမိ၏တပည့်ရဟန်း ၅၀၀ ကို မကျဉ်းမကျယ်ပြန်လည် ဟောကြားခဲ့သည်။

အဘိဓမ္မာ တရားတော်ဟောကြားခြင်းသည် ထိုနှစ်သီတင်းကျွတ်လပြည့်နေ့တွင် ပြီးဆုံးခြင်းသို့ရောက်ရှိသည်။ ထိုအခါ သိကြားမင်းက စောင်းတန်းသုံးသွယ်ကို ဖန်ဆင်းပေးသည်။ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းတို့၏ အဖျားသည် မြင်းမိုရ်တောင်ထိပ်တွင် တည်ရှိ၍ အခြေသည် လူပြည်ရှိသင်္ကာသမြို့တံခါး၌ တည်ရှိသည်။ မြတ်စွာဘုရားရှင်သည် မြင်းမိုရ်တောင်ထိပ်တွင်ရပ်တည်တော်မူ၍ ရေမီး အစုံစုံသော တန်ခိုးပြာဋိဟာများကို ပြတော်မူသည်။ ထို့နောက် အညိုရောင်၊ ရွှေရောင်၊ အနီရောင်၊ အဖြူရောင်၊ မောင်းသောအရောင်၊ ပြိုးပြိုး ပြက်ပြက် တစ်ခဲနက်သော အရောင်များလွှတ်၍ ရောင်ခြည်တော် ခြောက်သွယ်ကို ကွန့်မြူးတော်မူသည်။

ဘုရားရှင်သည် အလယ်ပတ္တမြားစောင်းတန်းမှလူ့ပြည်သို့ ဆင်းသက်လာရာ လက်ယာဘက်ရှိရွှေစောင်းတန်းမှ နတ်များက လည်းကောင်း၊ လက်ဝဲဘက်ရှိ ငွေစောင်းတန်းမှ ဗြဟ္မာကြီးများကလည်းကောင်း ခြံရံလိုက်ပါလာသည်။

မြန်မာစာပေနှင့်ယဉ်ကျေးမှုအထောက်အထားများအရ ရှေးခေတ်များကပင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ရှေးမင်းအဆက်ဆက်သည် ပြည်သူတို့နှင့်အတူ မီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲကိုဆင်နွှဲခဲ့ကြသည်။ ခြေခင်းလက်ခင်း သာယာသောအချိန်၊ သာတောင့်သာယာရှိသော ပွင့်လင်းရာသီစတင်တော့မည့် အချိန်၊ လယ်သမားများထွန်တုံးပိတ်ပြီးဖြစ်၍ ခေတ္တအနားရသော သက်သောင့်သက်သာရှိချိန်တို့နှင့် တိုက်ဆိုင်သဖြင့် ပျော်ပွဲ ရွှင်ပွဲများဖြင့် စည်ကားလှသော မြန်မာ့ယဉ်ကျေးမှုပွဲတော်တစ်ရပ် ဖြစ်သည်။

မြတ်စွာဘုရား တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ပြန်လည်ဆင်းသက်လာခြင်းကို ပူဇော်သောအားဖြင့် သင်္ကဿနဂိုရ်၊ သာဝတ္ထိ၊ ဝေသာလီ၊ ရာဇဂြိုဟ်၊ ဗာရာဏသီစသည့်ပြည်သူပြည်သားများက မီးရှူး၊ မီးပန်း၊ ဆီမီးများထွန်းညှိ၍လည်းကောင်း၊ ပန်း၊ ရေချမ်းများကပ်လှူ၍လည်းကောင်းပူဇော်ခြင်းကို အတုယူ၍မြန်မာတို့က သီတင်းကျွတ် မီးထွန်းပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ကြသည်။ ဗုဒ္ဓမြတ်စွာ၏ အဘိဓမ္မာတရားတော် ဟောပြောခြင်းပြီးမြောက်သည့် နေ့ဖြစ်၍ မြန်မာတို့က သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့အဖြစ် သတ်မှတ်ကာ သီတင်းသီလဆောက်တည်ခြင်း၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ တရားတော်များနာကြားခြင်း၊ ဆီမီးထွန်းညှိ ပူဇော်ခြင်းများကို ပြုကြသည်။

နတ်ပြည်ရှိ စူဠာမဏိစေတီတော်ကို ပူဇော်သည့်အနေဖြင့် မီးပုံးပျံများ လွှတ်တင်ကြသည်။ စေတီပုထိုး၊ ကျောင်းကန် ဇရပ်များသာမက လူနေအိမ်များ၊ စပါးကျီ၊ မောင်းဆုံ၊ ဈေးဆိုင်စသည့် လူ့အကျိုးပြုပစ္စည်းပစ္စယများတွင်ပါ ဆီမီးထွန်းညှိကြသည်။ မုန့်ဖက်ထုပ်၊ မုန့်လက်ကောက်၊ မုန့်ဆီကြော်စသည့် မြန်မာမုန့်များ ပြုလုပ် ကျွေးမွေးကြသည်။ လူငယ်လူရွယ်တို့က မိဘ၊ ဘိုးဘွား၊ ရပ်မိ ရပ်ဖ သက်ကြီးရွယ်အိုများကို စားသောက်ဖွယ်ရာများ၊ အဝတ်အထည်၊ လူ့အသုံးအဆောင်ပစ္စည်းပစ္စယများဖြင့် ပူဇော်ကန်တော့ကြသည်။ တပည့်များက ဆရာသမားကို ပူဇော်ကန်တော့ကြသည်။ လူကြီးမိဘ ဆရာသမား အကန်တော့ခံများက သာကြောင်းမာကြောင်း၊ တိုးတက်ဖွံ့ဖြိုးစေကြောင်း၊ ကောင်းကျိုးလိုရာ ဆန္ဒနှင့်ပြည့်စုံစေကြောင်း ဆုမွန်ကောင်းများ တောင်းပေးကြသည်။ ဆုံးမဩဝါဒများ ပေးကြသည်။

ဗုဒ္ဓသာသနာ့ဘောင်ရှိ ရဟန်းငယ်များကလည်း ရဟန်းကြီး၊ ဆရာတော်ကြီးများကို ရှိခိုးကန်တော့ကြသည်။ မိမိတို့တွင် အပြစ်ကြီးငယ်ရှိပါကလည်း ခွင့်လွှတ်ပါရန် တောင်းပန်ကြသည်။ ဝိနည်းကျင့်ထုံးများနှင့်အညီ ပဝါရဏာပြုကြသည်။ ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကြသည်။

ဝါလကင်းလွတ် သီတင်းကျွတ်သည် မြန်မာတို့၏ ယဉ်ကျေးမှု တွင် အထင်ကရဖြစ်သောဗုဒ္ဓပူဇနိယပွဲတော် မီးထွန်းပွဲကြီးဖြစ်သည်။ ခြေခင်းလက်ခင်းသာစပြုသည့် သာတောင့်သာယာကာလ၏ နှစ်မြို့က်ပျော်မွေ့ဖွယ်ကောင်းသော မြန်မာ့ရိုးရာပွဲတော်ကြီးပင် ဖြစ်ပါသတည်း။ ။

## မြင်းမိုရ်ပွဲကျင်း ကျွတ်သီတင်း

❁ ဘုန်းအင်လွှင့်ထူ၊ သယမ္ဘူဖြင့်
တစ်ဆူဉက္ကဋ္ဌ၊ ဇိနမြတ်သည်
မိနတ်သားမှန်၊ သန္တုတိသ
ကျေးဇူးခညောင်း၊ မိခင်ဟောင်းကို
ရိုသေလေးမြတ်၊ ဆပ်လိုရည်စူး
သူ့ကျေးဇူးသိ၊ အဘိဓမ္မာ
ဒေသနာကို၊ တာဝတိံသာ
နတ်ပြည်သာဌ်၊ သတ္တမဝါ
ကပ်ဆိုကာလ၊ မြကျောက်ဖျာထက်
ထက်ဝယ်ဖွဲ့ခွေ၊ နေတော်မူရင်း
ဝါတွင်းသုံးလ၊ ဟောကြားပြလတ်
တုံ့ပြန်ဆပ်ကာ၊ တာဝတိံသာမှ
ကြွလာဆင်းသက်ခဲ့သောအချိန်။

❁ ဝါလကင်းလွတ်၊ သီတင်းကျွတ်ပြီ
တမွတ်ကောင်းကင်၊ အဇဋာပြင်ဝယ်
ကြယ်များသနင်း၊ လပြည့်မင်းလည်း
ဝင်းဝင်းပပ၊ ရွှန်းရွှန်းမြနှင့်
လောကတစ်ဝန်း၊ လင်းရောင်ဖျန်းလျှင်
သင်္ကဿနဂိုရ်ပြည်၊ လူ့ဌာနေသို့
ပရမေဗုဒ္ဓ၊ လှမ်းကြွသက်ဆင်း
သုံးစင်းသုံးတွေ၊ ရွှေငွေပတ္တမြား
စောင်းတန်းများတွင်၊ သိကြားနတ်ဗြဟ္မာ
ရံကာခံ့ညား၊ ပတ္တမြားမှ
ဗုဒ္ဓအသရေ၊ ထိန်ဖြာဝေလျက်
ဆင်းသက်ခဲ့ရာ၊ လူ့ရပ်ရွာက
ဖူးမဝညွတ်နူး၊ မီးရှူးတန်ဆောင်
လင်းရောင်ဖြာသွန်း၊ ညှိထွန်းပူဇော်
ရှိကော်ရော်၏၊ အဘိဓမ္မာ
ခါတော်ဆင်နွှဲ၊ မြင်းမိုရ်ပွဲကျင်း
ငြိမ့်သဲဘဝင်၊ ရောင်လျှံတက်သည်
လင်းလက်ဆီမီးထိန်ထိန်ဝေ။ ။

ဦးအောင်မွန် (မဟာဝိဇ္ဇာ)

မြန်မာစာပေနှင့်ယဉ်ကျေးမှုအထောက်အထားများအရ ရှေးခေတ်များကပင် သီတင်းကျွတ်မီးထွန်းပွဲတော်ကို စည်ကား သိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ ရှေးမင်းအဆက်ဆက်သည် ပြည်သူတို့နှင့်အတူ မီးမြင်းမိုရ်ပွဲ၊ တာဝတိံသာပွဲကိုဆင်နွှဲခဲ့ကြသည်။ ခြေခင်းလက်ခင်း သာယာသောအချိန်၊ သာတောင့်သာယာရှိသော ပွင့်လင်းရာသီစတင်တော့မည့် အချိန်၊ လယ်သမားများထွန်တုံးပိတ်ပြီးဖြစ်၍ ခေတ္တအနားရသော သက်သောင့်သက်သာရှိချိန်တို့နှင့် တိုက်ဆိုင်သဖြင့် ပျော်ပွဲ ရွှင်ပွဲများဖြင့် စည်ကားလှသော မြန်မာ့ယဉ်ကျေးမှုပွဲတော် တစ်ရပ် ဖြစ်သည်။






# ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၀ရက် ညနေ ၄ နာရီတွင် တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။**

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက တက္ကသိုလ် ကြို၊ ပို့ ယာဉ်များဆိုင်ရာကိစ္စ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## ထားဝယ်အသင်း နှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ထားဝယ်သူ၊ ထားဝယ်သား စာရေးသူများနှင့် သုတေသီများထံမှ ထားဝယ်ဒေသကိုအခြေခံသော ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးနှင့် သုတေသနစာတမ်းများ ဖိတ်ခေါ်အပ်ပါသည်။ မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း ဝန်ခံချက်နှင့် လိုင်စင်ပုံ နှစ်ပုံပူးတွဲလျက် ကိုယ်ရေးအကျဉ်း ဖော်ပြချက်နှင့်အတူ နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထားပြီး ထားဝယ်အသင်း၊ ၈၂၈ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၂၂၁၉ သို့ ပေးပို့နိုင်ကြောင်း ထားဝယ်အသင်း နှစ်ပတ်လည်မဂ္ဂဇင်းကော်မတီက နှိုးဆော်ထားသည်။ (ကြေးမုံ)

မီး
သ
တိ
ပြု

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၀-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀ ၉။ ဗွီစီဒီကျော်ကြားတေးများ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - မင်းသမီးရဲ့ နေ့စဉ်မှတ်တမ်း (အပိုင်း-၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မေးမြန်းစူးစမ်း
၂၁။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ရွှေမင်းသမီးရဲ့ ဖူးစာ (အပိုင်း-၁၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

## အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေး ဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေး ဟောပြောပွဲကို အောက်တိုဘာ ၈ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် စက်မှုဇုန် အပိုင်း(၁) စီမံခန့်ခွဲရေးကော်မတီရုံးရှိ ကနောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ လှိုင်သာယာ စက်မှုဇုန်များ ဥက္ကဋ္ဌ ဦးမြတ်သင်းအောင်နှင့် တာဝန်ရှိသူများ၊ စက်ရုံအလုပ်ရုံတို့မှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး **(ဝဲအောက်ပုံ)** က အမှာစကား ပြောကြားပြီး ဒုတိယခေါင်းဆောင် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေး လုပ်ငန်းအဖွဲ့ဝင်စီးပွားရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (အငြိမ်းစား) ဒေါ်ခင်လှမေက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်ကို လည်းကောင်း၊ ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြက အမျိုးသမီးများနှင့် ပတ်သက်သည့် ဥပဒေဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးရှင်းလင်းဟောပြောကြသည်။

ထို့နောက် လှိုင်သာယာ စက်မှုဇုန်များဥက္ကဋ္ဌ ဦးမြတ်သင်းအောင်က အဖွဲ့ခေါင်းဆောင်နှင့် အဖွဲ့ဝင်များအား ဂုဏ်ပြုငွေနှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **(အမျိုးသမီးရေးရာအဖွဲ့ချုပ်)**





## သဲကုန်းမြို့ ညောင်ကုန်းမူလတန်းကျောင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် သဲကုန်းမြို့ ညောင်ကုန်းရပ်အခြေခံ ပညာမူလတန်းကျောင်းတွင် အခြေခံ ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၁၃၇၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်) အောက်တိုဘာ ၁၄ ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါ ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် လှူဒါန်းလိုပါက ဦးဟာစံ(ဦးစံရှား) ဖုန်း-၀၅၃-၃၈၂၂၂ (လိုင်းခွဲ-၈၃)နှင့် ဦးမျိုးသွင်(ရုံးလမ်း)သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# Executive Diploma in Logistics & Supply Chain Management သင်ကြားမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

STI Education သည် စင်ကာပူနိုင်ငံမှ Logistics Institute တစ်ခုဖြစ်သည့် SIMM နှင့် ပူးပေါင်း၍ လုပ်ငန်းခွင်တွင် လုပ်သက် သုံးနှစ်အထက် ရှိသည့် သူများအား Executive Diploma in Logistics & Supply Chain Management ပညာရပ်ကို အထူးသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းမှာငါးလကြာမြင့်ပြီး စင်ကာပူနိုင်ငံ၌ တစ်ပတ်ခန့်သင်ကြားရန် ဖြစ်သည်။ Logistics ဘာသာရပ်သည် မြန်မာပြည်၏ ပထမဆုံးနှင့် တစ်ခုတည်းသော သင်တန်းဖြစ်သည်။

STI သည် SIMM ၏ မိတ်ဖက်ကျောင်းဖြစ်ပြီး Curtin University, Edith Cowan University တို့နှင့် ပူးပေါင်းလုပ်ကိုင်လျက်ရှိသည်။ သက်တမ်း ၂၈ နှစ်ရှိသည့် Logistics ကျောင်းဖြစ်သော SIMM မှ ပါမောက္ခများ ရန်ကုန်သို့ တစ်လလျှင်နှစ်ပတ်ခန့် ငါးလတိတိ လာရောက် သင်ကြားမည် ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် လုပ်သက်၊ ဘွဲ့တစ်ခုခုနှင့် အင်္ဂလိပ်စာ အခြေခံကောင်းမွန်ရန် အထူးလိုအပ်သည်။

ကမ္ဘာ့ကုမ္ပဏီ အများအပြားမှာ အာရှသို့ Logistics outsourcing များ လုပ်ကိုင်လာလျက်ရှိရာ ၂၀၁၂ ခုနှစ်တွင် အာရှတိုက်၌ outsourcing တစ်လ ဒေါ်လာဘီလီယံ ၈၀ ခန့် ရှိမည်ဟု ခန့်မှန်းကြသည်။ STI မှ သင်ကြားပေးသည့် ပညာရပ်များတွင် မြန်မာနိုင်ငံသို့ outsourcing အခွင့်အလမ်းပေါင်းများစွာ ဖန်တီးနိုင်ပုံတို့လည်း ပါဝင်မည်ဖြစ်သည်။

အရှေ့တောင်အာရှ၏ ထိပ်တန်း Logistic Hub အဖြစ် ဝင်ငွေမြောက်မြားစွာ ရရှိနေသည့် စင်ကာပူနိုင်ငံ၏ Logistics Industry ရှိ CEO များနှင့် ယင်းတို့၏ လုပ်ငန်းဌာနများသို့ STI မှ မြန်မာသင်တန်းသားများကို ကြီးမှူးခေါ်ဆောင်သွား၍ မြန်မာနိုင်ငံအတွက် သင့်တော်မည့် နည်းနာနိဿရည်းများကို သင်ကြားပေးမည်ဖြစ်သည်။ ယင်းသို့ ကမ္ဘာ့အဆင့်မီ ပညာရပ်များ ဆည်းပူးရာ၌ မိမိ လုပ်ငန်းခွင်နှင့် အသင့်တော်ဆုံးဖြစ်သည့် Project ကို ရွေးချယ်၍ ပါမောက္ခများက လိုအပ်သည်များကို ပိုင်နိုင်စွာ စီမံခန့်ခွဲနိုင်စေရန် တာဝန်ယူပြသပေးမည်ဖြစ်သည်။

Just-In-Time(JIT) ဟု တင်စားခေါ်ဝေါ်သည့်ကုန်ပစ္စည်းများ အချိန်မီ ရောက်ရှိစေရေး နည်းပညာရပ်များလည်းပါဝင်မည်ဖြစ်ရာ သင်တန်းသားများအနေနှင့် လက်ဝယ်ရှိ ကုန်ပစ္စည်းများ လျှော့ချနိုင်ပုံ၊ ငွေကြေးအရင်းအနှီး လျှော့ချနိုင်ပုံ၊ အပျက်အစီး အလေအလွင့်နှင့် သဘာဝဘေးအန္တရာယ် ဆုံးရှုံးမှုတို့မှ ကာကွယ်နိုင်ပုံ၊ လူကြိုက်များသည့် ပစ္စည်းများကို အလိုအလျောက် မှတ်သားနိုင်ပုံ၊ သိုလှောင်ရုံ စီမံခန့်ခွဲမှုနှင့် ဖြန့်ဖြူးရေး နည်းနာပညာရပ်များ ပါဝင်မည် ဖြစ်ရာ သင်တန်းသားများနှင့် ယင်းတို့၏ လုပ်ငန်း အဖွဲ့အစည်းများအတွက် အမြတ်ဝင်ငွေများစွာ ဖော်ဆောင်ပေးနိုင်မည့် ပညာရပ်လည်းဖြစ်သည်။

ယင်းအပြင် Six Sigma ဟု ခေါ်ဆိုသည့် အရည်အသွေးပြည့်ဝစေရန် ထိန်းချုပ်ရမည့် ကမ္ဘာ့ကုမ္ပဏီကြီးများ ကျင့်သုံးနေသည့် စည်းမျဉ်းစည်းကမ်းများလည်း သင်ကြားပေးမည်ဖြစ်သည်။



**Park Royal Hotel ၌ စင်ကာပူနိုင်ငံ SIMM တက္ကသိုလ်မှ Principal Director Prof. Roger Lee က Executive Diploma in Logistics & Supply Chain Management အကြောင်း ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

ယင်းသင်တန်းအောင်မြင်သူများကို SIMM နှင့် STI မှအောင်လက်မှတ်များ ချီးမြှင့်ပေးမည်ဖြစ်ပြီး Curtin University မှ MBA ကိုလည်း ဆက်လက်သင်ယူနိုင်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် နိုဝင်ဘာ အတန်းအတွက် သင်တန်းသား စတင်လက်ခံပြီဖြစ်ရာ သင်တန်းကျောင်းတည်ရှိရာအဆောင်(၄)အခန်း(၇)မြန်မာအင်ဖိုတက်ခ်လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့နှင့် အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များကို မူလတန်းအရွယ် ငယ်စဉ်ကစပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံသည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် စွဲမြဲခံယူအောင် လေ့ကျင့်ပျိုးထောင်

**❍ နိုင်ငံတော်အကြီးအကဲမှ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်/တိုင်း၊ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်အစိုးရအနေနှင့် အမျိုးသားပညာရည်မြင့်မားရေး နှစ်ရှည်နှစ်တိုစီမံကိန်းများချမှတ်ပြီး ပညာရေးလုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဤသို့ ဆောင်ရွက်နေသည့် ပညာရေးလုပ်ငန်းစဉ်များ ရည်မှန်းချက်များနှင့်အညီ ပြည့်ပြည့်ဝဝ အောင်မြင်ဖြစ်ထွန်းစေရန်ဆိုရာ၌ အခြားသောလုပ်ငန်းကဏ္ဍများနည်းတူ စီမံခန့်ခွဲမှုစနစ် တိကျမှန်ကန်ဖို့ စီမံခန့်ခွဲမှုယန္တရား ပြေပြစ်ချောမွေ့ရန် လိုအပ်ကြောင်း။

မြို့နယ်ပညာရေးမှူးများသည် ပညာရေးစီမံခန့်ခွဲမှု စနစ်တစ်ရပ်လုံးတွင် အခြေခံအကျဆုံးနှင့် ပဓာနအကျဆုံး အခန်းကဏ္ဍ၌ တာဝန်ထမ်းဆောင်နေကြသောသူများ ဖြစ်သည့်အပြင် အခြေခံပညာကျောင်းများ၏ ပညာရေးအရည်အသွေးနှင့် ကျောင်းစီမံခန့်ခွဲမှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်အတွက် တာဝန်အရှိဆုံး ပုဂ္ဂိုလ်များဖြစ်ကြောင်း။

ထို့ကြောင့် မြို့နယ်ပညာရေးမှူးများအနေဖြင့် မိမိတို့၏ စီမံခန့်ခွဲမှု အရည်အသွေးပြည့်ဝခိုင်မာမှသာလျှင် နိုင်ငံတော်၏ ပညာရေးစီမံခန့်ခွဲမှု စနစ် မှန်ကန်တိကျ သွက်လက်မြန်ဆန်အောင် တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းပို့ချချက်များကိုသေချာစွာ လေ့လာဆည်းပူးသွားကြရန် ဦးစွာမှာကြားလိုကြောင်း။

အလွန်ကျယ်ပြန့်နက်ရှိုင်းပြီး ထုထည်ပမာဏကြီးမားသည့် ပညာရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်မှုအပိုင်းတွင် ရည်မှန်းချက်မှ သွေဖည်မသွားစေရန် စဉ်ဆက်မပြတ် ထိန်းကျောင်းကြီးကြပ် ကြပ်မတ်မှုများ၊ သုံးသပ်ပြုပြင်မှုများ၊ လိုအပ်ချက်များ ဖြည့်ဆည်းစီမံဆောင်ရွက်ပေးမှုများ၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှုများကို ထိထိရောက်ရောက် လက်တွေ့ကျကျ ဆောင်ရွက်နေကြရန် အလွန်အရေးကြီးကြောင်း။

ဤကဲ့သို့ အစဉ်တစိုက် လှုပ်ရှားဆောင်ရွက်နေကြရမည့် အခြေအနေမျိုးတွင် အခြေခံပညာကျောင်းများ၏ စီမံခန့်ခွဲရေး၊ သင်ကြားရေးအပိုင်းများကို ကြီးကြပ်ဆောင်ရွက်နေကြသည့် ကျောင်းအုပ်ကြီးများနှင့် မြို့နယ်ပညာရေးမှူးများ၏ စီမံခန့်ခွဲမှုစွမ်းရည်နှင့် လုပ်ငန်းစွမ်းဆောင်ရည်တို့ ထိရောက်ထက်မြက်မှု ရှိ-မရှိသည် အခြေခံပညာကဏ္ဍ၏ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုကို ပဓာနကျသည့် အခန်းကဏ္ဍက ပိုင်းဖြတ်ပေးနေသည်ဟု ဆိုရမှာဖြစ်ကြောင်း။

ထို့ကြောင့် ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများအနေဖြင့် ပညာရေးလုပ်ငန်းစဉ်အဆင့်ဆင့်၏ သင်ကြားသင်ယူမှုစနစ်နှင့် စီမံခန့်ခွဲမှုယန္တရားတွင် ထိရောက်အသုံးတည့်သော အစိတ်အပိုင်းတစ်ရပ်အနေနှင့် လိုက်လျောညီထွေစွာ စနစ်၏ရေစီးကြောင်း၊ စနစ်၏အရှိန်အဟုန်မှာ ယှဉ်တွဲလိုက်ပါနိုင်ရေး ကြိုးစားဆောင်ရွက် ကြရမှာဖြစ်ကြောင်း။ စနစ်ကအသစ်၊ အမူအကျင့် အလေ့အထက အဟောင်းဖြစ်နေမည်ဆိုလျှင် လူနဲ့မူ သဟဇာတ မဖြစ်တော့သည်နှင့်အမျှ လုပ်ငန်းများလည်း အောင်မြင်ပြီးမြောက်နိုင်မှာ မဟုတ်သည်မှာ သေချာကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများကိုယ်တိုင် တက္ကသိုလ်ကောလိပ်များသာမက အခြေခံပညာကျောင်းများအထိ ကွင်းဆင်းပြီး အခြေခံပညာအရည်အသွေးမြင့်မားရေးအတွက် စစ်ဆေးကြပ်မတ်ရန် လမ်းညွှန်ထားပြီးဖြစ်ကြောင်း။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကွင်းဆင်း ဆောင်ရွက်နေကြသကဲ့သို့ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးအဆင့်မှ မြို့နယ်ပညာရေးမှူးအဆင့်အထိ အခြေခံပညာကျောင်းများကို မှန်မှန်ရောက်ရှိ စစ်ဆေးနေကြရန် ပိုမိုလိုအပ်မှာဖြစ်ကြောင်း။

ဤသို့ စစ်ဆေးရာမှာလည်း သာမန်စစ်ဆေးရုံမျှမဟုတ်ဘဲ စာသင်ကျောင်းများ၏ ပညာရပ်ဆိုင်ရာအပြင် စိတ်ဓာတ်၊ စည်းကမ်း၊ ကျောင်းသွင်ပြင်လက္ခဏာများကအစ စစ်ဆေးကြပ်မတ်ရန် ကျောင်းရဲ့အခြေအနေကို ဆန်းစစ်သုံးသပ်ပြုပြင်ပေးရန်နှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ဖြစ်ပါကြောင်း။

ကျောင်းသားများ၏ စာပေတတ်မြောက်မှုအပိုင်းတွင်လည်း ယနေ့နိုင်ငံတကာ ဆက်ဆံရေးမှာ အဓိကကျသည့် အင်္ဂလိပ်စာဘာသာရပ်နှင့် သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကကျသည့် သင်္ချာဘာသာရပ်နှင့် ရူပဗေဒဘာသာရပ်တို့၏ သင်ယူတတ်မြောက်မှုနှင့် အောင်ချက်ရာခိုင်နှုန်းသည် မြင့်မားနေရန် လိုအပ်ကြောင်း။

အထူးသဖြင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် အခြေခံပညာကျောင်းများ၏ ပညာရေးအရည်အသွေး မြှင့်တင်ရေးတွင် ဘာသာရပ်အလိုက် သင်ယူတတ်မြောက်မှု၊ အရည်အချင်းမြင့်မားမှု အရေးပါကြောင်း လမ်းညွှန်မိန့်ကြားထားရှိကြောင်း။

မူလတန်းအဆင့်၌ အမှန်တကယ် သင်ယူတတ်မြောက်မှသာ အလယ်တန်းအဆင့်တွင် အခြေခံခိုင်မာပြီး အထက်တန်းအဆင့်၌ စစ်မှန်သော အောင်မြင်တိုးတက်မှု ရရှိနိုင်မှာဖြစ်ကြောင်းကိုလည်း လမ်းညွှန်ထားကြောင်း။

နိုင်ငံတော်အကြီးအကဲက အခြေခံပညာကဏ္ဍ၏ သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာအဆင့်မီမြှင့်တင်ရေး၊ ခေတ်မီသင်ထောက်ကူ ပစ္စည်းများ ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးပြီး ထိထိရောက်ရောက် အသုံးပြုသင်ကြားပေးရေး ဆရာအတတ်ပညာအရည်အသွေးကိုလည်း မြှင့်တင်ပေးရန် လမ်းညွှန်မိန့်ကြားခဲ့သည်နှင့်အညီ လွန်ခဲ့သည့်နှစ်နှစ်ခန့်က စတင်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ဆောင်ရွက်နေသည့် ပညာရေး အရည်အသွေး မြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်မှု ရှိ-မရှိ၊ ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်တတ်မြောက်မှု ရှိ-မရှိ စစ်ဆေးကြပ်မတ်ပေးကြရန် လိုအပ်သည်များပြုပြင်ပေးကြရန်မှာ မြို့နယ်ပညာရေးမှူးများ၏ အဓိကတာဝန်တစ်ရပ်ဖြစ်သည်ဟု ခံယူဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

သင်ရိုးညွှန်းတမ်းနှင့်အညီ သင်ကြားစေရေး၊ လပိုင်းမာတိကာနှင့်အညီ သင်ကြားစေရေး၊ တစ်နှစ်တာအတွင်း သင်ရိုးကုန်အောင်သင်ကြားစေရေး၊ သင်ထောက်ကူပစ္စည်းများကို သိမ်းဆည်းမထားဘဲ ထိထိရောက်ရောက် အသုံးပြုသင်ကြားစေရေးတို့ကိုလည်း စဉ်ဆက်မပြတ် စစ်ဆေးနေရမည်ဖြစ်ကြောင်း။

ဆရာအင်အားပြည့်မီမှု ရှိ-မရှိ၊ ဘာသာရပ်ကျွမ်းကျင်မှုအလိုက် နေရာတကျ တာဝန်ပေးအပ်သင်ကြားစေမှု ဟုတ်-မဟုတ်၊ တာဝန်ချထားသည့် ဆရာများ တာဝန်ကျရာ ဒေသမှာ ရှိ-မရှိမှအစ စစ်ဆေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျောင်းအုပ်ကြီးများ၏စီမံခန့်ခွဲမှုအရည်အသွေး ကျောင်းလုပ်ငန်းဆောင်ရွက်ချက်များကို စစ်ဆေးကြရမည့်အပြင် မိမိကိုယ်တိုင်ကအစပြုပြီး မိမိကြီးကြပ်မှုနယ်ပယ်၌ ရှိကြသည့် ဆရာ၊ ဆရာမများအားလုံးသည် ကျင့်ဝတ်၊ စည်းကမ်း ခံယူချက် စိတ်ဓာတ်အရာတွင် စံနမူနာယူလောက်ဖွယ် ဖြစ်ရန်နှင့် အပြောအဆို အနေအထိုင်၊ အမူအကျင့်၊ စာရိတ္တပိုင်းတွင် အများလေးစားကြည်ညိုဖွယ်၊ လိုက်နာအတုယူဖွယ်ဖြစ်စေရန် ဦးဆောင်ကျင့်ကြံ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ရေးရာအပိုင်းမှာဆိုလျှင်လည်း နိုင်ငံတော်အကြီးအကဲက ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များကို မူလတန်းအရွယ် ငယ်စဉ်ကစပြီး ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ် စွဲမြဲခံယူသွားအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် အလေးအနက် မှာကြားထားကြောင်း။

ဤစိတ်ဓာတ်ကို ငယ်စဉ်ကာလကပင် စိတ်ထဲနှလုံးသားထဲမှာ စွဲထင်သွားရန်လိုအပ်ကြောင်း၊ ကလေးများ ကြီးပြင်းလာသည့် တစ်နေ့တွင် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်တဲ့ ကလေးတွေဖြစ်လာစေရန် သက်ဆိုင်ရာကျောင်းအလိုက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ဆောင်ရွက်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆရာ၊ ဆရာမများကိုယ်တိုင်က နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာရန် လိုအပ်ကြောင်း၊ ဤစိတ်ဓာတ် အရင်းခံများ စာသင်ကျောင်းကို မဏ္ဍိုင်ပြုပြီး တစ်နိုင်ငံလုံး ဖြန့်ကြက်ရှင်သန်ထက်မြက်နေစေရအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ပြည်နယ်၊ တိုင်း၊ မြို့နယ် ပညာရေးမှူးများ အနေဖြင့် အခြေခံပညာကျောင်းများ၏ ကျောင်းစီမံခန့်ခွဲမှု အရည်အသွေး တိုးတက်မြင့်မားရေးအတွက် စစ်ဆေးကြပ်မတ်ပေးရုံသာမက ကျောင်းများ၏ ပညာရည်အရည်အသွေး ပြည့်ဝရေးအတွက် ဘာသာရပ်သင်ဆရာ၊ ဆရာမများကိုလည်း မိမိတို့ တာဝန်ယူသင်ကြား ပို့ချပေးနေသည့် ဘာသာရပ်များမှာ အရည်အသွေး ပြည့်ဝမှု ရှိ-မရှိ စစ်ဆေးသုံးသပ်သွားကြရန် လိုအပ်ကြောင်း။

သင်ကြားရေး အပိုင်းမှာလည်း လအလိုက်၊ နှစ်အလိုက် သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းပြီးဆုံးအောင် သင်ကြားပေးနေရုံ သက်သက်သာမဟုတ်ဘဲ တပည့်များ အမှန်တကယ် တတ်ကျွမ်းလာစေရန် သင်ကြားပို့ချရေး၊ ကျောင်းသားကျောင်းသူများ အမှန်တကယ် တတ်မြောက်မှု ရှိ-မရှိ စစ်ဆေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အမှန်တကယ် ပညာတတ်မြောက်မှသာ နိုင်ငံတော်အတွက် အားထားရမည့် မျိုးဆက်သစ်များအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

ထို့အပြင် ဆရာ၊ ဆရာမများ အနေဖြင့် မိမိတို့တပည့်များ၏ တတ်မြောက်မှုစွမ်းရည် တိုးတက်မြင့်မားလာစေရေးအတွက် တပည့်တစ်ဦးချင်းစီ၏ ဉာဏ်ရည်အဆင့် (I.Q Level)ကို လေ့လာ ဆန်းစစ်ပြီး လိုအပ်သလို ထိန်းကျောင်းသင်ကြား ပို့ချပေးနိုင်ရေးအတွက်ကိုပါ လေ့လာဆန်းစစ် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာအဆင့်မီ ပညာရေးစနစ် ဖော်ဆောင်နိုင်ရေးအတွက် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ နှစ်ရပ်လုံး စနစ်တကျ ပေါင်းစပ်ဆောင်ရွက်သွားရန်၊ အမျိုးသားပညာရည် မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်း အောင်မြင်ရေးအတွက် မြို့နယ်ပညာရေးမှူးများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး တက်ကြွထက်မြက်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးသည် သင်တန်းသား၊ သင်တန်းသူ မြို့နယ်ပညာရေးမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား၊ သင်တန်းသူ မြို့နယ်ပညာရေးမှူး ၃၆၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှု သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူ မြို့နယ်ပညာရေးမှူးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**✻ ကျောဖုံးမှ**

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ငွေကျပ် ၇၇၅ သိန်းကိုလည်းကောင်း၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်စိုးနှင့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်(တာဝန်) ဦးချာလီသန်းတို့က အဝတ်အထည်၊ အစားအသောက်နှင့် ဆေးဝါးများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနသည် ကျောက်တန်းမြို့နယ် ပြန်လည်ထူထောင်ရေးအတွက် ယခုလှူဒါန်းမှု အပါအဝင် ဆောက်လုပ်ရေးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆေးဝါး၊ အထွေထွေလူသုံးကုန်ပစ္စည်း၊ ကျောက်တန်းမြို့နယ်နှင့် တံတားမြို့တို့အတွက် စုစုပေါင်း ငွေကျပ် ၂၈၅၄၉၁၅၉၀ လှူဒါန်းပြီးကြောင်း သိရှိရသည်။

(သတင်းစဉ်)

**❒ ဧရာဝတီတိုင်းမှ**

လေဘေးသင့်ခံခဲ့ရသည့် ဧရာဝတီတိုင်းအတွင်းရှိ ပျက်စီးဆုံးရှုံးခဲ့သည်များကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မူလအခြေအနေထက် လူမှုရေးအဆင့်အတန်း ပိုမိုအဆင့်မြင့်စေရန် ဆောင်ရွက်ခဲ့ရာ ယခုအခါ အချိန်တိုအတွင်း ပိုမိုတိုးတက်လာခဲ့ပြီးဖြစ်သည်။ လေဘေးသင့် ဒေသများ ပြန်လည် တည်ဆောက်ရေး၊ ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်တင်ရေး စသည်တို့ကို ဦးတည်၍ ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။ ကျောင်းများ ပိုမိုခိုင်ခံ့ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ကိုလည်း တွေ့မြင်ခဲ့ရသည်။ ပညာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် လေဘေးသင့်ဒေသများ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေး စောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးခဲ့ရာ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းပညာရေးမှူးများ၊ ဆရာကြီး ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသဖြင့် များစွာတိုးတက်အောင်မြင်လျက်ရှိပေသည်။

နိုင်ငံတော်အစိုးရ၏ စီမံဆောင်ရွက်ပေးမှု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ၊ စေတနာရှင်များ၏ ပံ့ပိုးမှု၊ ပညာရေးဝန်ထမ်းများ၏ ဝိုင်းဝန်းဆောင်ရွက်ပေးမှုတို့ဖြင့် လေဘေးသင့်ဒေသများတွင် ယခုအခါ ကျောင်းများကို ဖွင့်လှစ်သင်ကြားနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ စာရေးသူသည် မွေးရပ်မြေ ကျုံမငေးမြို့နှင့် လေဘေးသင့်မြို့နယ်ဒေသများသို့ရောက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများသည် လူကြီးများရှေ့တွင် သွားလာသည့်အခါ ဦးခေါင်းညွှတ်၍ သွားလာနေပြီး လမ်းတံတားများ ပြုလုပ်ဆောင်ရွက်သည်များကို ကူညီဆောင်ရွက်နေသည်ကို တွေ့မြင်ရသည်မှာ ဆရာကောင်း တပည့်ကောင်း ပီသလှပေသည်။

ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၏ ပညာရေးလုပ်ငန်းများ တိုးတက် အောင်မြင်ရေးအတွက် အဓိကအခန်းကဏ္ဍမှ စွမ်းဆောင်နေသည်များကို တွေ့မြင်ခဲ့ရသည်။ မိဘ၊ဆရာ၊ ကျောင်းသားကျောင်းသူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်တွင် လူရည်ချွန် လူရည်မွန် နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းရေးကို အထောက်အပံ့ဖြစ်စေပါသည်။

ဧရာဝတီတိုင်း ခုနစ်မြို့နယ်တွင် လေဘေးသင့်ဒေသများရှိ အခြေခံပညာ ကျောင်းများ ယခုအခါ ဖွင့်လှစ်နိုင်မှု အခြေအနေများကို အောက်ဖော်ပြပါ စာရင်းဇယားများကို ကြည့်ခြင်းအားဖြင့် အောင်မြင်လျက်ရှိသည်ကို တွေ့မြင်နိုင်ပေသည်။

စာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးခြင်း၊ ကျောင်းသုံးပရိဘောဂများပြည့်စုံခြင်း၊ မိဘပြည်သူများနှင့် ကျောင်းသား/ကျောင်းသူများကလည်း ပညာသင်ကြားလိုစိတ်ဖြင့် အားထုတ်ကြိုးပမ်းလျက်ရှိသည်။

ငပုတောမြို့နယ်တွင် တွဲဖက်အလက သောင်းလေးနှင့် အမက ခုံကြီးတို့မှာ ကျောင်းများ ပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းတက်ရောက် ပညာသင်ကြားလျက်ရှိပေသည်။ လပွတ္တာမြို့နယ်မှ

### လေဘေးသင့်ဒေသများရှိ အခြေခံပညာကျောင်းများ ယခုဖွင့်လှစ်နိုင်မှု အခြေအနေ

| စဉ် | တိုင်း | မြို့နယ် | မူလရှိကျောင်းဦးရေ | | | | ယခုပြန်လည်ဖွင့်လှစ်နိုင်သည့် ကျောင်းဦးရေ | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ထက် | လယ် | မူ | ပေါင်း | ထက် | လယ် | မူ | ပေါင်း |
| ၁ | ဧရာဝတီ | ငပုတော | ၁၇ | ၆၉ | ၂၁၀ | ၂၉၆ | ၁၇ | ၆၈ | ၂၀၉ | ၂၉၄ |
| ၂ | ဧရာဝတီ | မော်လမြိုင်ကျွန်း | ၇ | ၁၇ | ၂၅၈ | ၂၈၂ | ၇ | ၁၇ | ၂၅၈ | ၂၈၂ |
| ၃ | ဧရာဝတီ | လပွတ္တာ | ၁၀ | ၃၆ | ၃၀၉ | ၃၅၅ | ၁၀ | ၃၆ | ၃၀၆ | ၃၅၂ |
| ၄ | ဧရာဝတီ | ဖျာပုံ | ၁၆ | ၁၉ | ၂၁၃ | ၂၄၈ | ၁၆ | ၁၉ | ၂၁၁ | ၂၄၆ |
| ၅ | ဧရာဝတီ | ကျိုက်လတ် | ၈ | ၉ | ၁၇၉ | ၁၉၆ | ၈ | ၉ | ၁၇၉ | ၁၉၆ |
| ၆ | ဧရာဝတီ | ဒေးဒရဲ | ၁၂ | ၁၆ | ၁၇၁ | ၁၉၉ | ၁၂ | ၁၆ | ၁၇၁ | ၁၉၉ |
| ၇ | ဧရာဝတီ | ဘိုကလေး | ၈ | ၂၆ | ၃၁၇ | ၃၅၁ | ၈ | ၂၆ | ၃၁၇ | ၃၅၁ |
| | | စုစုပေါင်း | ၇၈ | ၁၉၂ | ၁၆၅၇ | ၁၉၂၇ | ၇၈ | ၁၉၁ | ၁၆၅၁ | ၁၉၂၀ |

**ဒေသခံ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့် ပြန်လည်ပြုပြင်ပြီး ဒေးဒရဲမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။**



တွဲဖက် အမက ညီနောင်ကြီးနှင့် တွဲဖက် အမက စလူဆိပ်ရွာတို့မှာ ကျောင်းပေါင်း၍ တက်ရောက်နေဆဲဖြစ်ပါသည်။ ဖျာပုံမြို့နယ်မှ အမက အလန်းဖလွတ်(၂)နှင့် အမက ဇေးဂုအရှေ့တို့မှာလည်း ကျောင်းများပေါင်း၍ တက်နေဆဲဖြစ်ပါသည်။

ပညာရေး ဝန်ကြီးဌာနသည် စာသင်ကြားရေးကို မပျက်စေရန် အဓိကထားဆောင်ရွက်လျက် ရှိနေသည်ကို တွေ့ရပေသည်။ မုန်တိုင်းသင့်ဒေသတွင် စာသင်ကျောင်းများ ပြုပြင် ဆောင်ရွက်နိုင်ခဲ့သဖြင့် ကျောင်းသား၊ ကျောင်းသူများ ယခုကဲ့သို့ ပညာသင်ကြားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးလိုလားမှု အခြေအနေသည် ကျေးလက်/မြို့ရွာများတွင် အထူးကြိုးစား သင်ကြားနေသည်ကို တွေ့မြင်ရသဖြင့် များစွာအားတက်မိပေသည်။ နိုင်ငံတော်အစိုးရ၏ အမျိုးသားပညာရည်မြင့်မားစေရေး ရည်မှန်းချက်များ ဖြစ်ထွန်းအောင်မြင်စေရန် ဆရာ/ဆရာမများ ကြိုးပမ်းဆောင်ရွက်နေသည်ကို စာရေးသူ တွေ့မြင်ခဲ့ရသည်။

ဧရာဝတီတိုင်းတွင် မြို့နယ် ၂၆ မြို့နယ်ရှိရာ လေဘေးသင့်ခံခဲ့ရသော မြို့နယ် ခုနစ်မြို့နယ်၏ လေဘေးသင့်၍ ပျက်စီးပြိုကျသည့် အခြေခံ ကျောင်းများ၊ ရုံးများ၊ အဆောက်အအုံများကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ခဲ့သည်။

လေဘေးသင့် ဒေသများရှိ အခြေခံကျောင်းများကို ယခုအခါ ဖွင့်လှစ်နိုင်ခြင်းများသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခြင်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ဌာနဆိုင်ရာများ ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြို့နယ်များတွင် တာဝန်ယူ ဆောင်ရွက်နေသော ဝန်ကြီးများနှင့်ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှာကြားခြင်း၊ နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခြင်း၊တိုင်းပညာရေးမှူးနှင့် ပညာရေး ဝန်ထမ်းများ၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာရှိ တာဝန်ရှိသူများ၏စနစ်တကျကြိုးပမ်း ဆောင်ရွက်ခြင်းနှင့် ပညာရေးဝန်ထမ်းများက မှန်မြတ်ကောင်းမွန်လှသော အစဉ်အလာကောင်းများကို ထိန်းသိမ်းခြင်းတို့ကြောင့် ယခုအခါ မုန်တိုင်းဒဏ်သင့် ကျောင်းသား၊ ကျောင်းသူများသည် ပညာရေးကို အရှိန်အဟုန်မပျက် ဆက်လက်သင်ကြားလျက် ရှိနေပါကြောင်း မုန်တိုင်းသင့်ဒေသ ပညာရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ထင်ဟပ်ဖော်ပြလိုက်ရပေသည်။ ။




## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၁၃-၁၀-၂၀၀၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ဖောင်တော်ဦးဘုရားပွဲတော်
၇း၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၁၅ ၇။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
၈း၃၀ ၈။ International News.
၈း၄၀ ၉။ “လူကူးမျဉ်းကျားမှကူးမယ်”
၈း၅၀ ၁၀။ အတီးပြိုင်ပွဲ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၄း၂၀ ၃။ ရန်ကုန်တိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ပဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) (အထက-၁၊ မှော်ဘီ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရသစာပေ အရေးအသားအထူးပြု) (ရသစာပေ အရေးအသား)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
၅း၀၀ ၆။ ဆင်းရတနာအထွက်ကောင်း စပါး စိုက်ကြစို့လား (အပိုင်း-၂)
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၀ ၈။ **“ကြိုဆိုလျက်ပါ” (နန်းဆုရတီစိုး၊ ဇင်ဇင်ဇော်မြင့်၊ ငှက်ပျောကြော်၊ သင်ဇာဝင့်ကျော်၊ မင်းထက်ကျော်ဇင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]**
၅း၃၀ ၉။ ဝါကျွတ်တေးများ
၅း၄၀ ၁၀။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅း၅၀ ၁၁။ ၂၀၀၈ခုနှစ် (၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်အကြိုက်တေးသီချင်းများ) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၅၀ ၁၅။ ဧရာဝတီတိုင်း ပြန်လည်ထူထောင်ရေး အမြဲနေအိမ်ရာ တည်ဆောက်ပေး
၇း၀၀ ၁၆။ တေးဂီတအစီအစဉ်
၇း၁၅ ၁၇။ **နိုင်ငံခြား ဇာတ်လမ်းတွဲ “ပန်းပျိုးလက်” (အပိုင်း-၁၇)**
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မျက်ဝန်းရိပ်” (အပိုင်း-၁၇)**
၂၂။ အစီအစဉ်ပြီး၏။

**● ကင်းမြီးကောက်မှ**

အမေရိကန် သုတေသန ကုမ္ပဏီ Transmolecular မှ ပညာရှင်များက ကင်းမြီးကောက်အဆိပ်ကို ရေဒီယိုသတ္တိကြွ နည်းပညာဖြင့် စနစ်တကျ လေ့လာမှုများ ဆက်လက် ပြုလုပ်နေပြီး ထိုစမ်းသပ်မှုသည် လူ့ခန္ဓာကိုယ်အတွင်းသို့ အလွန်ပြင်းထန်သော ထိုးဆေးများ သွင်းခြင်း၊ ခန္ဓာကိုယ်ကို ဓာတ်ရောင်ခြည်နည်းနှင့် တိုက်ရိုက်ကုသမှုခံယူရခြင်းတို့ထက် ဘေးထွက်ဆိုးကျိုးအလွန်နည်းပါးနိုင်ကြောင်း အတည်ပြုခဲ့ကြသည်။ ယမန်နှစ်အတွင်းက ဆရာဝန်များသည် ဦးနှောက်ကင်ဆာ အဆိုးရွားဆုံး ခံစားနေရသော ဝေဒနာရှင်များအား TM601 ခေါ် ကင်ဆာရောဂါဆဲလ်များအား ဖျက်ဆီးပစ်မည့် ထိုးဆေးတစ်မျိုး ၎င်းတို့ဦးနှောက်ရှိ အကျိတ်များ အတွင်းသို့ ထိုးသွင်းပေးခဲ့သည်။ ထိုလူနာများသည် မူလခန့်မှန်းထားသည်ထက် သုံးလခန့် သက်တမ်းပိုပြီး နေထိုင်သွားကြသော်လည်း ဦးနှောက်ကင်ဆာကြောင့် သေဆုံးခဲ့ကြသည်။ ထို့ကြောင့် ပိုမိုထိရောက်သော နည်းလမ်းများ စမ်းသပ်ရှာဖွေခဲ့ကြရာ ကင်းမြီးကောက်အဆိပ်အား တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သုတေသန ပညာရှင်များက TM601 သို့ လက်ရှိစမ်းသပ်နေသော နည်းပညာသစ်မှ ရလဒ်ကောင်းများ ဖြည့်စွက်နိုင်မည်ဆိုလျှင် ပိုမိုအကျိုးဖြစ်ထွန်းမည်ဟု မျှော်လင့်ထားကြောင်း ကုမ္ပဏီမှ သုတေသနပညာရှင်များက ပြောကြားသွားသည်။

***အင်တာနက်။***

**စာကြည့်တိုက် ရှင်သန်ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်**

**ရန်ကုန် အောက်တိုဘာ ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မအူပင်ခရိုင်ရုံးမှ မအူပင်မြို့နယ် ဦးစီးမှူး ဦးထိန်လင်းနှင့်အဖွဲ့သည် မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများဖြစ်ကြသော အိမ်ယာကြီး၊ သာယာကုန်း၊ လက်ပံကုန်း၊ သိုက်ကုန်း၊ ကျုံဝါးနှင့် အောင်ဘုံ ကျေးရွာအုပ်စုများရှိ ကျေးရွာများသို့ အောက်တိုဘာ ၄ရက်မှ ၁၀ရက်အထိ အဖွဲ့နှစ်ဖွဲ့ခွဲကာ နယ်လှည့်စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**လှိုင်မြို့နယ် ဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အသင်းသားများ၏ ထူးချွန်သားသမီးများအား ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၆ ရက်က အမက(၂၆) လှိုင်၌ ကျင်းပရာ လှိုင်မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်မြင့်ရီက ငါးဘာသာဂုဏ်ထူးရှင် မလဲ့လဲ့အောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။**

(၅၄၃)



# နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကပိုင်ကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်မှု အရေးပါ

**သတင်းဆောင်းပါး-ရန်ကြီးအောင်**

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေသော နိုင်ငံဖြစ်သည်။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကကျသည့် အရေးပါသော ကဏ္ဍတစ်ခု ဖြစ်လာသည်။ ပုဂ္ဂလိကစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က ဈေးကွက်စီးပွားရေးစနစ်အရ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခြင်း၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကလက်သို့ လွှဲပြောင်းပေးခြင်း၊ စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးကူညီခြင်းစသည်တို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အနေဖြင့်လည်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းများ အဆင်ပြေချောမွေ့ရေးတို့အတွက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ စီးပွားရေးဗဟုသုတများ တိုးပွားစေရေးနှင့် မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်စေရေးတို့အတွက် ပြည်တွင်း၊ ပြည်ပမှ ကျွမ်းကျင်သူ ပညာရှင်များနှင့် အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများပြုလုပ်ပေးခြင်း၊ ပညာပေးဟောပြောပွဲများ ကျင်းပပေးခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျင်းပပေးလျက်ရှိရာတွင် UMFCCI ၏ ပြန်ကြားရေးနှင့် သတင်းနည်းပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ဘာသာရပ်ဆိုင်ရာပညာရှင်များ ဟောပြောပွဲ အမှတ်စဉ် (၁၀/၀၇-၀၉) ကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ကထိက ဒေါက်တာဒေါ်ဝါဝါမောင်က "နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့၏ ပူးပေါင်းဆောင်ရွက်မှု" (The Role of Public-Private Partnership in the Development Initiatives of Nation Building)ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောပွဲတွင် UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ အသင်းချုပ်အနေဖြင့် ၁၉၉၉ခုနှစ် ဧပြီ ၁ရက်တွင် အဆင့်မြှင့်ဖွဲ့စည်းပြီးနောက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံချက်များချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အသင်းချုပ်၏ လုပ်ငန်းတာဝန်များတွင်လည်း "စီးပွားရေးပညာ၊ ကူးသန်းရောင်းဝယ်ရေးပညာ၊ စက်မှုနည်းပညာနှင့် ဗဟုသုတ အဝဝတို့ကို လေ့လာစုဆောင်း၍ အသိအမြင်ဗဟုသုတများ ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သင်တန်းများ လက်ခံကျင်းပပေးခြင်း၊ အသင်းသားများ ပါဝင်တက်ရောက်စေခြင်း" ဆိုသည့် လုပ်ငန်းတာဝန်တစ်ရပ်ပါဝင်ပြီး ယင်းလုပ်ငန်းတာဝန်အရ UMFCCI Training Centre ကို တည်ထောင်၍ Applied Accounting and Management သင်တန်းများကို ၂၀၀၀ပြည့်နှစ်မှ စတင်ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း၊ အလားတူ လုပ်ငန်းဆိုင်ရာဆွေးနွေးပွဲများ၊ ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲများကိုလည်း ကျင်းပပေးလျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ ဟောပြောဆွေးနွေးသူ ဒေါက်တာ ဒေါ်ဝါဝါမောင်က "နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တဲ့အခါမှာ အဓိကအားဖြင့် နိုင်ငံပိုင်ကဏ္ဍ(Public Sector)နဲ့ ပုဂ္ဂလိကကဏ္ဍ(Private Sector) ဆိုပြီးရှိပါတယ်။ ဒီကဏ္ဍနှစ်ခုဟာ တစ်ခုနဲ့တစ်ခု အပြန်အလှန် အကျိုးပြုနေကြပါတယ်။ အပြန်အလှန် နားလည်မှုရှိစွာ ညီညွတ်မှု(Hermony)ရှိနေဖို့ လည်းလိုအပ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်တဲ့ နေရာမှာ ပုဂ္ဂလိကကဏ္ဍရဲ့ အရေးပါမှုဟာ ထင်ရှားပါတယ်။ ပုဂ္ဂလိကကဏ္ဍ တိုးတက်ဖို့အတွက် ဖွံ့ဖြိုးမှု(Development Initiatives)တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍတို့ရဲ့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်သလို ပုဂ္ဂလိကကဏ္ဍ အချင်းချင်း၊ အစိုးရကဏ္ဍ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေဟာလည်း အထောက်အပံ့ပြုနေပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ နိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိက ကဏ္ဍတွေအကြား



ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ ကထိက ဒေါက်တာဒေါ်ဝါဝါမောင် ဟောပြောဆွေးနွေးစဉ်။ (ဓာတ်ပုံ-အောင်သူရ)



ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း အမှာစကားပြောကြားစဉ်။ (ဓာတ်ပုံ-အောင်သူရ)

ပူးပေါင်းဆောင်ရွက်မှုတွေ ပိုမိုတိုးမြင့်လာဖို့အတွက် ဆောင်ရွက်ပုံ ဆောင်ရွက်နည်းတွေကို အဓိကဟောပြော ဆွေးနွေးသွားမှာပါ"ဟု ပြောကြားသည်။

ဆွေးနွေးပွဲတက်ရောက်သူတစ်ဦးဖြစ်သည့် ဦးဇော်ထူးဦး (ပြည်သူ့စီမံခန့်ခွဲရေးမဟာဘွဲ့-MPA)က "ယခုလို စီးပွားရေးပညာရှင်တွေရဲ့ ဟောပြောပွဲတွေဟာ စီးပွားရေးလုပ်ငန်းလုပ်ကိုင်နေသူတွေ၊ စီးပွားရေးပညာ သင်ယူနေသူတွေ တက်ရောက်နားထောင်သင့်တဲ့ ဟောပြောပွဲဖြစ်ပါတယ်။ ဘာသာရပ်တွေကို လေ့လာတဲ့အခါမှာ စာအုပ်စာတမ်းတွေ၊ အင်တာနက်တွေ ဖတ်ရှုလေ့လာတဲ့နည်းတူ ယခုလို ပညာရှင်တွေရဲ့ဟောပြောမှုတွေကို ကိုယ်တိုင်ကိုယ်ကျတက်ရောက်နားထောင်ခြင်းအားဖြင့်လည်း ပိုမိုအကျိုးရှိမယ်လို့ ယူဆပါတယ်"ဟု ပြောကြားသည်။

စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရပ်ကို လေ့လာသင်ယူနေသူများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် UMFCCI အသင်းချုပ်၌ လစဉ်ကျင်းပသည့် အဆိုပါ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများသို့ မပျက်မကွက် တက်ရောက် လေ့လာသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့ထံမှ ပေးစာများ

The Mirror

### ကုန်တင်ကားများ ပစ္စည်းတင်ချ လမ်းချိုင့်ဖြစ်

**စာတည်းရှင့်-**

မြိတ်မြို့ထားဝယ်စုရပ်(B)လမ်းရှိ ကုန်သည်တစ်ဦးသည် ကုန်အပြည့်တင်ထားသော မှန်လုံကားကြီးများ၊ ကုန်တင်ကားကြီးများဖြင့် နေအိမ်ရှေ့၌ နေ့စဉ်ကုန်ပစ္စည်း အတင်အချပြုလုပ်လျက်ရှိရာ ကုန်ကားကြီးများ၏အလေးချိန်ကြောင့် ကတ္တရာလမ်းများ နိမ့်ကျပြီး ကြီးမားသောကားဘီးရာ ချိုင့်ခွက်ကြီးများ ဖြစ်ကာ လမ်းများ ပျက်စီးနေပါသည်။

သို့ဖြစ်ပါ၍ တန်ချိန်များသော ကုန်ကားကြီးများနှင့် ကုန်တင် မှန်လုံကားများ မြို့တွင်းသို့ဝင်ရောက်၍ ကုန်တင်ကုန်ချ ပြုလုပ်နေမှုကို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**မြိတ်မြို့သူ**

### မိလ္လာပိုက်များ ပြုပြင်ပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် သိမ်ဖြူလမ်း အမှတ်(၂၇၂) တိုက်(၄)လွှာ အပေါ်ဆုံးထပ်များမှ အသုံးပြုလျက်ရှိသောနောက်ဖေးလမ်းကြားရှိ မိလ္လာပိုက်များမှာ ပေါက်ပြဲပျက်စီးနေပါသဖြင့် မစင်အနံ့ဆိုးများကို ပတ်ဝန်းကျင်နေသူများ နေ့စဉ်ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍အဆိုပါမိလ္လာပိုက်များအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူ၊ လမ်းသားများ**

### ကျားကွက်သစ်လမ်း ပြုပြင်ပေးစေချင်

**စာတည်းရှင့်-**

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းရပ်ကွက် အတွင်းရှိ ကျားကွက်သစ် လမ်းမတစ်လျှောက်တွင် မိုးများရွာသွန်းမှုကြောင့် ချိုင့်ခွက်များ၊ ရွှံ့ဗွက်များ ဖြစ်ပေါ်နေပါသဖြင့် လမ်းသွား လမ်းလာများ ခက်ခဲစွာ သွားလာနေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအား ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျောက်မြောင်းသူ**

### ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက် ရတနာသိဒ္ဓိလမ်းရှိ အိမ်တစ်အိမ်၏ နောက်ဘက်ဖြတ်လမ်းကြားတွင် သံတိုသံစနှင့် ပစ္စည်းဟောင်းများ စုပုံထုခွဲရောင်းချသော လုပ်ငန်းကို နေ့ရောညပါ လုပ်ကိုင်လျက်ရှိရာ အော်ဟစ်ပြောဆို ဆူညံမှုများ ပြုလုပ်လျက်ရှိပြီး အဆိုပါလုပ်ငန်းမှထွက်ရှိသော စွန့်ပစ်အမှိုက်များ၊ အနံ့အသက်ဆိုးများကြောင့် လမ်းသွားလမ်းလာများနှင့် လမ်းသူ၊ လမ်းသားများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းကြားတွင် အမှိုက်များ စည်းကမ်းမဲ့ စွန့်ပစ်နေသောလုပ်ငန်းကို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**သန့်ရှင်းစေလိုသူ**

### ဘော်ဒီပြင်ဆူညံ ပတ်ဝန်းကျင်နားမခံသာ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၆)ရပ်ကွက် ကျန်စစ်သားအိမ်ရာ ငုဝါလမ်းတွင် ဒိုင်နာနှင့် ဘီအမ်ကားကြီးများ ပြင်ဆင်သည့်လုပ်ငန်းလုပ်ကိုင်လျက်ရှိရာ ထု၊ ရိုက်သံများ၊ ဂဟေဆော်စက်၊ ဖြတ်စက်၊ ဖောက်စက်နှင့် ကျောက်စက်ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နားမခံသာ ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

### ခွေးလေခွေးလွင့်များ ရှင်းပေးစေလို

**စာတည်းရှင့်-**

မော်လမြိုင်မြို့ မော်လမြိုင်ဘူတာကြီး စကြံပေါ်နှင့် ဘူတာပတ်ဝန်းကျင်တွင်ခွေးလေခွေးလွင့်များပေါ်များနေပါသဖြင့်ခရီးသွားများ ခွေးကိုက်မည့် အန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍အဆိုပါခွေးလေ ခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ခွေးကြောက်သူ**

### စည်းကမ်းမဲ့ဈေးသည်များကြပ်မတ်ပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် အနော်ရထာလမ်းပေါ်ရှိ လမ်းဘေးဈေးသည်များသည် သတ်မှတ်ချိန်မဟုတ်ဘဲ နံနက်ပိုင်းမှစတင်၍ အမိုးအကာများ အကျအနပြုလုပ်ပြီး ဈေးရောင်းချနေမှုကြောင့် လမ်းသွားလမ်းလာများ အနှောင့်အယှက်ဖြစ်ခြင်း၊ တရားဝင်ရောင်းချနေသော ဈေးဆိုင်ခန်းများ မြင်ကွင်းပိတ်ခြင်းဖြစ်ပေါ်လျက်ရှိသဖြင့် အဆိုပါ စည်းကမ်းမဲ့ လမ်းဘေးဈေးသည်များ သတ်မှတ်ချိန်မှသာ စည်းကမ်းတကျ ခင်းကျင်းရောင်းချစေရေး ကြပ်မတ်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**စည်းကမ်းရှိစေလိုသူ**

### ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

### မုန့်ဖတ်ချဉ်နံ့ ရှင်းလင်းပြီးစီး

၂၀-၇-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် (၈၈)ရပ်ကွက် ငွေဇင်ယော်လမ်းရှိ **မုန့်ဖတ်လုပ်ငန်းမှ အချဉ်နံ့ပတ်ဝန်းကျင်ပျံ့နှံ့** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

### ဆေးရည်အနံ့ဆိုး ရှင်းလင်းပြီးစီး

၆-၉-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သာကေတမြို့နယ် ၄/မြောက်ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းနှင့် မြို့မ (၁၃)လမ်းမှ **ဆေးရည် အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်** ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့တော်စည်ပင်**

# ၂၀၀၈ ခုနှစ် အာဆီယံ အမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ မြန်မာအသင်းက လာအိုအသင်းကို အနိုင်ရရှိ

ရန်ကုန် အောက်တိုဘာ ၁၂

**၂၀၀၈ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းက လာအိုလက်ရွေးစင် ဘောလုံးအသင်းကို ခြေစွမ်းပြပြီး အနိုင်ရရှိသွားရာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေး အတွက် အလားအလာကောင်းနေသည်။**

ပြိုင်ပွဲတွင် (က)အုပ်စု လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းနှင့် လာအိုလက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၃နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြရာ လက်ရှိချန်ပီယံ မြန်မာ့လက်ရွေးစင်အသင်းက ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၄၁ မိနစ်နှင့် ၄၅ မိနစ်တို့တွင် ရီရီဦးက ပထမဂိုးနှင့် ဒုတိယဂိုးများကို သွင်းယူခဲ့ပြီး ပထမပိုင်းတွင် မြန်မာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်း ပြန်စသောအခါ မြန်မာအသင်းက ပထမပိုင်းထက် ပိုမိုတိုက်စစ်ဆင်ကာ လာအိုအသင်းကို ဖိကစားနေစဉ် ၆၄မိနစ်နှင့် ၆၆ မိနစ်တွင် နော်အားလိုဝါးဖောက တတိယဂိုးနှင့် စတုတ္ထဂိုးများကိုလည်းကောင်း၊ ၇၂ မိနစ်နှင့် ၈၂ မိနစ်များတွင် မိုင်နီလာထွေးက ပဉ္စမဂိုးနှင့် ဆဋ္ဌမဂိုးများကိုလည်းကောင်း၊ ၈၈ မိနစ်တွင် သန်းသန်းထွေးက သတ္တမဂိုးကိုလည်းကောင်း အသီးသီးသွင်းယူကြပြီး မြန်မာအသင်းက လာအိုအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

မြန်မာအသင်းသည် (က)အုပ်စုတွင် သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး ခြောက်မှတ် ရရှိထားသည်။ အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် လက်ရှိချန်ပီယံ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ဟိုချီမင်းစီးတီး ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၁၂**

ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၁၂ရက်မှ ၁၉ရက်အထိ ကျင်းပမည့် ဟိုချီမင်းစီးတီး ဖိတ်ခေါ် STING Cup ဘော်လီဘောပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သည့် မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**(အပေါ်ပုံ)**

မြန်မာဘော်လီဘော အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း (ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ချုပ်)၊ နည်းပြချုပ်အဖြစ် ဦးညီညီလွင်၊ လက်ထောက်နည်းပြအဖြစ် ဦးရဲမြင့်၊ အားကစားသမားများအဖြစ် ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ကျော်ရွှေ၊ စိုင်းညီလေး၊ စံရွှေမောင်၊ ရဲရင့်ထွန်း၊ ဝင်းထွန်းဦး၊ နေလင်းအောင်၊ ကျော်ကျော်ထွေးနှင့် အောင်မြတ်ထွန်းတို့ ပါဝင်ကြသည်။

ပြိုင်ပွဲကို အိမ်ရှင်ဗီယက်နမ်မှ ကလပ်နှစ်သင်း၊ မြန်မာ့လက်ရွေးစင်အသင်း၊ သီရိလင်္ကာလက်ရွေးစင်အသင်း၊ ထိုင်း၊ နယူးဇီလန်တို့မှ ကလပ်တစ်သင်းစီ စုစုပေါင်း၄သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး ဆီမီးဖိုင်နယ်၌ အဆင့်(၁)နှင့် (၄)၊ အဆင့်(၂) နှင့်(၃)တို့ တွေ့ဆုံကြမည်ဖြစ်သည်။ မြန်မာအသင်းသည် အောက်တိုဘာ ၁၂ ရက်တွင် Thep Viet HCM (ဗီယက်နမ်)၊ ၁၃ရက်တွင် Nakhon Ratchasima (ထိုင်း)၊ ၁၄ ရက်တွင် သီရိလင်္ကာအသင်း၊ ၁၅ ရက်တွင် Hoang Long Long An (ဗီယက်နမ်)၊ ၁၆ ရက်တွင် North Harbor (နယူးဇီလန်)တို့နှင့် ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ကို အောက်တိုဘာ ၁၈ ရက်နှင့် တတိယလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၁၉ရက်တွင် ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

# မြန်မာနိုင်ငံတောင်ပိုင်းတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် အောက်တိုဘာ ၁၂

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ရန်ကုန်(မြို့လယ်)တွင် ၃ဒသမ၂၇ လက်မ၊ ဖျာပုံမြို့တွင်၂ဒသမ၀၈ လက်မ၊ မိတ္ထီလာမြို့နှင့် ခရမ်းမြို့တို့တွင် ၁ဒသမ၇၇လက်မစီ၊ ကျောက်တော်မြို့တွင် ၁ဒသမ၄၆လက်မ၊ ပြင်ဦးလွင်မြို့နှင့် မော်လမြိုင်မြို့တို့တွင် ၁ဒသမ၀၃လက်မစီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။** ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၁၃ရက် ညနေထိ ခန့်မှန်းချက်။ ။**ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။ ။** မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်မှုကြောင့် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အဆိုပါလေပြင်းများတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၄ ဒသမ၅ ဒီဂရီစင်တီဂရိတ် (၉၄ ဒီဂရီဖာရင်ဟိုက်) ၁၁-၁၀-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၉ ဒသမ၀ ဒီဂရီစင်တီဂရိတ် (၆၆ဒီဂရီဖာရင်ဟိုက်) ၁၂-၁၀-၂၀၀၈

၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း ၁၂-၁၀-၂၀၀၈

နေပူသည့်နာရီပေါင်း ၈ဒသမ၃နာရီခန့် ၁၁-၁၀-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၁၂-၁၀-၂၀၀၈ | ၂၆မမ (၁ဒသမ၀၂လက်မ) | ၂၄မမ (၀ဒသမ၉၅လက်မ) | ၈၃မမ (၃ဒသမ၂၇လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၅၄၉ မမ (၁၀၀ဒသမ၃၅လက်မ) | ၂၈၃၁မမ (၁၁၁ဒသမ ၄၆လက်မ) | ၃၃၁၃မမ (၁၃၀ဒသမ ၄၃လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၂-၁၀-၂၀၀၈ရက် ၉း၃၀နာရီတွင် အနောက်မြောက်ဘက်မှ တစ်နာရီ ခြောက်မိုင်နှုန်း တိုက်ခတ်သည်။

# စက်တင်ဘာလအတွက် ဘာကလေ အကောင်းဆုံးဆု ဖီးလ်ဘရောင်းနှင့် အက်ရှ်လေယန်းတို့ရရှိ

**လန်ဒန် အောက်တိုဘာ ၁၂**

အင်္ဂလန် ပရီမီယာလိဂ်တွင် ဘာကလေကုမ္ပဏီ ဆုရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ဆုံးဖြတ် ပေးအပ်သည့် စက်တင်ဘာလအတွက် ဘာကလေ အကောင်းဆုံးဆုများကို တန်းတက်ဟူးလ်စီးတီး မန်နေဂျာ အသက် ၄၉ နှစ်အရွယ်ရှိ အင်္ဂလန်နိုင်ငံသား ဖီးလ်ဘရောင်းနှင့် ဗီလာအသင်း၏ တောင်ပံကစားသမား အက်ရှ်လေယန်းတို့ ရရှိသွားသည်။

ဟူးလ်စီးတီးအသင်း မန်နေဂျာ ဖီးလ်ဘရောင်းသည် စက်တင်ဘာလ၌ကစားခဲ့သည့် သုံးပွဲတွင် အဲဗာတန်ကို အိမ်ကွင်း၌ နှစ်ဂိုးစီသရေ၊ နယူးကာဆယ်နှင့် အာဆင်နယ်ကို အဝေးကွင်းတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူကာ သုံးပွဲတွင် ခုနစ်မှတ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ယခုရရှိသောဆုမှာ ဟူးလ်စီးတီးအတွက် ပထမဆုံးရရှိသောဆုဖြစ်သည်။

စက်တင်ဘာလအတွက် အကောင်းဆုံး ဘောလုံးသမားဆုကို ဗီလာ တောင်ပံကစားသမား အက်ရှ်လေယန်းက ရရှိခဲ့သည်။ အက်ရှ်လေယန်းသည် စက်တင်ဘာလက ကစားခဲ့သည့် သုံးပွဲတွင် ကိုယ်တိုင် နှစ်ဂိုးသွင်းပြီး ကစားဖော်များ ဂိုးသွင်းနိုင်အောင် အကောင်းဆုံး ပံ့ပိုးပေးနိုင်ခဲ့သည်။ အက်ရှ်လေယန်းမှာ ပြီးခဲ့သည့် ဧပြီလကလည်း ဘာကလေ အကောင်းဆုံးဆုကို တစ်ကြိမ်ရရှိထားခဲ့ဖူးရာ စီရော်နယ်လ်ဒို၊ ဝိန်းရွန်နေးနှင့် ဂျရတ်တို့ကဲ့သို့သော တစ်ကြိမ်ထက်ပိုပြီးဆုရရှိဖူးသည့် ကစားသမားတစ်ဦးဖြစ်လာသည်။ ***အင်တာနက်။***




**ဟူးလ်စီးတီး မန်နေဂျာ အင်္ဂလန်နိုင်ငံသား ဖီးလ်ဘရောင်း**



**ဗီလာအသင်း၏ တောင်ပံ ကစားသမား အက်ရှ်လေယန်း**

# မုံရွာစက်မှုလက်မှုသိပ္ပံ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၂**

မုံရွာစက်မှုလက်မှုသိပ္ပံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၆ ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ကြားတောရလမ်းထောင့် ရွှေတိဂုံဘုရားအရှေ့မုခ် အဝင်လမ်းထိပ် ဗဟန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ရန်ကုန်-ကိုအောင်လွင်အောင် ဖုန်း-၀၉-၅၁-၁၁၆၄၄၊ ကိုဇော်မြင့်ဦး ဖုန်း-၀၁-၅၉၃၁၈၁၊ မခင်စိုးမိုး ဖုန်း-၀၁-၇၂၆၃၉၉၊ မမြတ်မြတ်မိုး ဖုန်း-၀၁-၇၀၄၈၉၀၊ မနီလာစိုး ဖုန်း-၀၉-၅၀-၆၀၇၂၄၊ ကိုစီဝမ်း ဖုန်း-၀၉-၅၁-၈၇၁၀၇၊ မခွဲနွဲ့စိန် ဖုန်း-၀၉-၅၁-၆၉၄၆၈၊ မန္တလေး-ကိုစိုးတင့်ဦး ဖုန်း-၀၉-၂၀-၀၃၃၅၇၊၀၂-၇၂၅၄၄၊ မုံရွာ-ကိုထွန်းဇံ ဖုန်း-၀၉-၂၁၃၁၄၁၁၊ ကိုကျော်စိုး ဖုန်း-၀၇၁-၂၂၆၆၄၊ ကလေးမြို့-ကိုလွင်ဦး ဖုန်း-၀၇၃-၃၀၀၀၃၊ နေပြည်တော်-ကိုထွန်းထွန်းဝင်း ဖုန်း-၀၆၇-၄၀၉၄၀၆ (ရုံးချိန်)တို့သို့ ဆက်သွယ်လျှဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

**မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၇)တွင် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုသောအားဖြင့် အာစရိယပူဇော်ပွဲ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက ဆရာများအား လက်အုပ်ချီပူဇော်ကန်တော့ကြစဉ်။** (၅၃၆)



# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၁၂**

ဦးဝင်းလွင် (ကုန်သွယ်ရေး-ငြိမ်း) သည် သန်လျင်ဂေါက်ကလပ်၌ အောက်တိုဘာ ၂ရက် မွန်းလွဲ ၁ နာရီတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ၁၀၁ ကိုက်အကွာမှ Top FLITE No.(1) ဘောလုံးအား HONMA IRON No.(8)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။

ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးကျော်ဝင်းမော်၊ ဦးဝင်းမြင့်မိုး၊ ဦးဝင်းမြင့်ဇော်တို့နှင့်အတူ ကစားခဲ့သည်။ (၅၂၇)

# ကျောက်တန်းမြို့ ပြန်လည်ထူထောင်ရေး အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

**ပို့ဆောင်ရေးဝန်ကြီးဌာနက ကျောက်တန်းမြို့ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပို့ဆောင်ရေးဝန်ကြီးဌာနက ကျောက်တန်းမြို့ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ယင်းနောက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် (ကျောက်တန်းမြို့နယ်တာဝန်ခံ)၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းက ကျောက်တန်းမြို့ လေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

✳ ရင်သွေးငယ်များ ကျန်းမာဖို့ အကောင်းဆုံးသည် မိခင်နို့။

✳ မိခင်နို့ဖြင့် မလုံလောက်လျှင် နွားနို့၊ ဆိတ်နို့ အသုံးဝင်။

✳ အစဉ်ကျိုချက် တိုက်ကျွေးပေး အသင့်မြဲတ်ဆုံး ကျန်းမာရေး။

ယ နေ့  အင် တာ နက် ကျန်း မာ ရေး သ တင်း

## ကင်းမြီးကောက်အဆိပ်ဖြင့် ဦးနှောက်ကင်ဆာ ကုသနိုင်ကြောင်း တွေ့ရှိ

လန်ဒန် အောက်တိုဘာ ၁၂



ကင်းမြီးကောက်၏ အဆိပ်သည် ဦးနှောက်ကင်ဆာရောဂါ ကုသနိုင်ရန်အတွက် အသုံးဝင်ကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ကင်းမြီးကောက်(**ယာပုံ**)ရှိ အဆိပ်သည် လူ့အာရုံကြောများကို ဖျက်ဆီးပစ်နိုင်သော်လည်း ၎င်းအား ရေဒီယိုသတ္တိကြွစေရန် စနစ်တကျ ပြုလုပ်ပြီး စမ်းသပ်ကြည့်ရာတွင် အကျိတ်ဆဲလ်များကို ဖျက်ဆီးပစ်နိုင်ပြီး ကျန်းမာရေးအတွက် အထောက်အကူပြုသော ဆဲလ်အဖွဲ့အစည်းများကို အန္တရာယ်ဖြစ်စေခြင်းမရှိဟု သိရှိရသည်။ ယခုတွေ့ရှိမှုသည် ဦးနှောက်အတွင်း ကင်ဆာဖြစ်ပွားမှုကို ကုသနိုင်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သုတေသီများက ပြောကြားခဲ့သည်။ ကင်းမြီးကောက်၏ အဆိပ်အား ရေဒီယိုသတ္တိကြွစေခြင်းဖြင့် ခန္ဓာကိုယ်အတွင်းရှိ ပရိုတိန်းအစုအဝေး အမိုင်နိုအက်စစ်နှင့် ပေါင်းစပ်သွားသည်။ ထိုဓာတ်ပေါင်းဆဲလ်များသည် ရင်သား၊ အရေပြား၊ ဦးနှောက်နှင့် အဆုတ်အတွင်းရှိ အကျိတ်အဖုများကို ချေဖျက်ပစ်လိုက်ပြီး လူ့အကျိုးပြုဆဲလ်များကို အထိအခိုက်မရှိ ချန်ထားခဲ့ကြောင်း သုတေသီများကဆိုသည်။ ကင်းဘရစ်ချ်ရှိ

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ●**

# ဧရာဝတီတိုင်းက အခြေခံပညာကျောင်းများ ခေါင်းလောင်းသံက တသွင်သွင်သာစဲပါ

သတင်းဆောင်းပါး
မောင်တင်လှိုင်(ဟိုတယ်/ခရီး)

နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးပါသည့် အချက်ဖြစ်သည်။ ဖွံ့ဖြိုးမှုနယ်ပယ်အသီးသီးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်စွမ်းဆောင်ပေးနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးသည်လည်း ပဓာနကျသော အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ပင် ဖြစ်လေသည်။ မျက်မှောက်ကာလတွင် ပညာရေးလုပ်ငန်း နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသည့်မြင်ကွင်းများကို တွေ့မြင်နေရသည်မှာ များစွာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။

ပြီးခဲ့သည့် မေလဆန်းက စာရေးသူသည် ဧရာဝတီတိုင်း လပွတ္တာမြို့နယ်တွင် ရှိနေခဲ့သည်။ ဧရာဝတီတိုင်းတွင် လေဘေးသင့်ခံခဲ့ရသော ငပုတော၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဖျာပုံ၊ ကျိုက်လတ်၊ ဒေးဒရဲ၊ ဘိုကလေးမြို့ ခုနစ်မြို့နယ်ရှိသည်။ ထိုမြို့များသည် မုန်တိုင်းဒဏ်ကို ပြင်းထန်စွာခံခဲ့ရပြီး ပညာရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရလေသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❒**



**ဒေသခံ ကျောင်းသားကျောင်းသူများ ပညာသင်ကြားလျက်ရှိသည့် ပြန်လည်ပြုပြင် တည်ဆောက်ပြီးဖြစ်သော ဟိုင်းကြီးကျွန်းမြို့ အခြေခံပညာအထက်တန်းကျောင်းကို တွေ့ရစဉ်။**